မြန်မာ့အလင်း

၁၂၅၅ ခုနှစ်ကထည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၅၆)

နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဇီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေါ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဥတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဇီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေါ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမျိုးသားရေးတာဝန်

လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတော်အတွက် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း၊ ဤအမွေအနှစ်များကို မျိုးဆက်သစ်တစ်ခုပြီး တစ်ခု လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်။

အမှာစကား ပြောကြား

ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးအင်အားစုကြီး ဖြစ်လာရေး ပျိုးထောင်လေ့ကျင့်ပေးနေ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသော ရွေ့လျားပြင်နေးစဉ်များ နှစ်စဉ်ချမှတ်ထား ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက် အနှောင့်အယှက် အခက်အခဲများ နောက်မဆုတ်ဘဲ ကြံ့ခိုင်သောစိတ်ဖြင့် ရင်ဆိုင်ကျော်လွှားရမည်

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြီးမှူးရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြီးမှူးရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြီးမှူးရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ပို့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်၍ အစဉ်တစိုက်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူကုန်ကူးမှုလုပ်ငန်းများကို လျစ်လျူရှု မျက်ကွယ်ပြုထားခြင်း မရှိသကဲ့သို့ ဆိုးရွားသော ရာဇဝတ်မှု ကျူးလွန်နေသူများကို တိုက်ဖျက်ချေမှုန်းရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏လမ်းညွှန်မှု၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အလေးထားတိုက်ဖျက်လျက် ရှိသည်။

သို့ရာတွင် အမေရိကန်နိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ၏ ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် စွမ်းဆောင်အောင်မြင်မှုများကို ဥပေက္ခာပြုလျက်ရှိသည်။

၂၀၀၅ခုနှစ် ဇွန်လအတွင်းကထုတ်ပြန်ခဲ့သည့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာန၏ လူကုန်ကူးမှု အစီရင်ခံစာတွင် လူကုန်ကူးမှုဆိုင်ရာတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ ကောင်းမြတ်သောစေတနာမှန်ဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး အားတက်သရောဖော်ဆောင်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လက်တွဲပြီး ပိုမိုပီပြင်အောင် လုပ်ဆောင်မှုများကို လုံးဝ ဥပေက္ခာပြု လျစ်လျူရှုပြီး တစ်ဖက်သတ်ဖိအားပေး စွပ်စွဲထားမှုများကို တွေ့မြင်နေရပေသည်။

ထို့ကြောင့် ၉–၆–၂၀၀၅ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါ လူကုန်ကူးမှု အစီရင်ခံစာသည် ဓမ္မဓိဋ္ဌာန်မကျရုံသာမက ရည်ရွယ်ချက်နှင့် လွဲချော်နေသဖြင့် လုပ်ငန်းစဉ်တိုးတက်ရေးအတွက် အထောက်အကူမဖြစ်စေကြောင်း သတင်းတစ်ရပ်ထုတ်ပြန် ခဲ့ပေသည်။ မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစီရင်ခံစာပါ ဖော်ပြထားမှုများသည် ရှေ့နောက်ဆီလျော်မှုမရှိဘဲ ဝိရောဓိ ဖြစ်နေကြောင်းကို အချက်အလက် အထောက်အထားများနှင့်တကွ သတင်းထုတ်ပြန်ချက်တွင် သုံးသပ်ဖော်ပြခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့် တိုးမြှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်းအပါအဝင် အရေးယူဆောင်ရွက်ရေးအပိုင်းတွင် တိုးတက်မှုများရှိသည်ကို နိုင်ငံတကာက အသိအမှတ်ပြုထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ ၂၀၀၂ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းများကို တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်။ ၂၀၀၂ခုနှစ် မှ ၂၀၀၄ခုနှစ်အတွင်း အမှုပေါင်း ၄၇၄မှုကို စစ်ဆေးခဲ့သည်။ ယင်းအမှုများမှ ၅၁၉ဦးအား ဥပဒေနှင့်အညီအရေးယူခဲ့ပြီး ၂၆၂၉ဦးကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးမှုနှင့် ပတ်သက်သည့်အန္တရာယ်များကို သိရှိစေရန် ၇၂၂၀၆၁ဦးတို့အား ပညာပေးနိုင်ခဲ့ပြီး ၁၇၂၈၀ကို နေရပ်သို့ ပြန်ပို့ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်ရာတွင် တရားစွဲဆိုခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် လူကုန် ကူးမှုတိုက်ဖျက်ရေးကော်မတီ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှု တားဆီးရေး ဥပဒေရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွင် အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး သဘောတူစာချွန်လွှာကို ဩစတြေးလျနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့မှ ၂၉ရက်နေ့အထိ မဲခေါင်ဒေသလူကုန်ကူးမှု တားဆီးပိတ်ပင်ရေး ဝန်ကြီးအဆင့် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ အစည်းအဝေး ရလဒ်အဖြစ် ပေါ်ထွက်လာသော လူကုန်ကူးမှုတားဆီးပိတ်ပင်ရေး သဘောတူစာချွန်လွှာကို မဟာမဲခေါင်ဒေသ ခြောက်နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ခဲ့မှု၏ အောင်မြင်မှု ရလဒ်ပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် လျစ်လျူရှုမျက်ကွယ်ပြုခြင်းမရှိသကဲ့သို့ ဆိုးရွားသော လူကုန်ကူးမှု ကျူးလွန်ခြင်းများကိုလည်း အစဉ်တစိုက် တိုက်ဖျက်ချေမှုန်းနိုင်ရန် ခိုင်မာသောသန္နိဋ္ဌာန်များချမှတ်၍ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ထောက်ဆရာဝန်များ လက်တွေ့လေ့ကျင့်သင်ယူ ကျွမ်းကျင်သော ဆရာဝန်ကြီးများ၏ အတွေ့အကြုံနှင့်ပေါင်းစပ် ပြည်သူယုံကြည်သော ဆရာဝန်ကြီးများဖြစ်အောင်ကြိုးပမ်း

ရန်ကုန် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀နာရီက ပဲခူးတိုင်း ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ဆောင် ဆောက်လုပ်မည့်လုပ်ငန်းနှင့် ဆေးရုံကြီး၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဆေးရုံဆောက်လုပ်မည့် လုပ်ငန်းအခြေအနေကို ဆေးရုံအုပ်ကြီး ဒေါက်တာထင်လင်းကလည်းကောင်း၊ အလှူရှင်ဦးကျင်ဝမ်း–ဒေါ်လှသိန်းမိသားစုက တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရေးလှူဒါန်းမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြ ပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်မည့် မြေနေရာကိုစစ်ဆေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်မှန်ဌာနရှိ ဓာတ်မှန်စက်နှင့် Ultrasound စက်အသုံးပြုမှု၊ ခွဲစိတ်ခန်းနှင့် သွေးလှူဘဏ်၊ အထူးကုပြင်ပလူနာဌာန၊ ဆေးအရောင်းဆိုင်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း ဒေသကြီး(၄)မျက်စိကုပြင်ပလူနာဌာနရှိ ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခန်းမှလူနာများအား ကုသပေးနိုင်မှု အခြေအနေများကို စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပဲခူးတိုင်း တီဘီရောဂါဌာနနှင့် ခရိုင်အနာကြီးရောဂါ ပပျောက်ရေးစီမံကိန်း အဖွဲ့ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

လိုအပ်ချက်များဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးသိပ္ပံပညာ ဦးစီးဌာန သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုရာ သင်တန်းကျောင်းအုပ် ဒေါ်မြမြစန်းကလိုက်လံ ရှင်းလင်းပြသသည်။ ဝန်ကြီးက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး သင်တန်း၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် တိုင်းရင်းဆေးကုဌာန၌ လူနာကုသစောင့်ရှောက်ပေးနိုင်မှု အခြေအနေ၊ တိုင်းရင်းဆေးဝါးများ ရောင်းချဖြည့်ဆည်းပေးနိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းလေ့ကျင့်သင်ယူ

ထို့နောက် အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး၊ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များနှင့်တွေ့ဆုံပြီး ဝန်ကြီးက လက်ထောက်ဆရာဝန်များအနေဖြင့် ဤဆေးရုံကြီး၌ လက်တွေ့လေ့ကျင့် သင်ယူနိုင်သည့် အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများ၏ အတွေ့အကြုံနှင့် ပေါင်းစပ်ကာ နောင်တစ်ချိန် မိမိတို့တာဝန်ယူရမည့် မြို့နယ်/ဒေသရှိ ပြည်သူလူထုအားကိုး ယုံကြည်သော ဆရာဝန်ကြီးများဖြစ်အောင် ကြိုးပမ်းလေ့ကျင့်သင်ယူကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်းတကော်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ဆေးပစ္စည်းများသိုလှောင်ထားရှိမှုနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအခြေအနေ၊ ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကိုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံတိုက်နယ်ဆေးရုံသို့သွားရောက်၍ လူနာဆောင်များ၊ မွေးလူနာဆောင်နှင့် သားဖွားခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန်၁၂ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဘိုးရာဇာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမောင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညီမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၆–၆–၂၀၀၅

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Perceiving Distance (ပထမနှစ်–စိတ်ပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **"ရောင်လင် လူစွမ်းကောင်းလေး"**(အပိုင်း–၅)
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"၂၄ နာရီ"**(အပိုင်း–၁၂)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့ မြဝတီ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း–၃၄)ဇာတ်သိမ်းပိုင်း



ဒုတိယပိုလ်ချုပ်ကြီးခင်မောင်သန်း ပမ္မဝတီမြစ်ကူးတံတားစိမ်ကိန်းကြည့်ရှုစစ်ဆေး တံတားကြီးပြီးစီးပါက ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ခရီး ၃၃ မိုင် တိုတောင်းသွားမည်

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဇွန် ၁၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ ဓမ္မတောဒယာဉ်များဖြင့် ထွက်ခွာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ဘောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသည့် ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းရှိ ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာမှူးဒေါ်စီသန်းက တံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပင်မတံတားနှင့် ချဉ်းကပ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအပိုင်းတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စီမံကိန်းလျာထားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်သားများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)သည် အရှည်ပေ ၁၂၆၀၌ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည်။ ယခုအခါ ပုသိမ်မှမြောင်းမြသို့ ပုသိမ်–ဒါးက၊ အိမ်ဆဲ–မြောင်းမြကားလမ်းအတိုင်း သွားရောက်ပါက ခရီးမိုင်ပေါင်း ၃၅ မိုင်ခန့်ရှိပြီး ပမ္မဝတီမြစ်ကူးတံတားပြီးစီးသွား၍ ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းကို ဖြတ်သန်းပါက ခရီးမိုင် ၃၂ မိုင်ခန့်သာ ရှိတော့မည်ဖြစ်ရာ စုစုပေါင်း ၃၃မိုင်ခရီးတိုတောင်းသွားမည်ဖြစ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ ပုသိမ်မြို့သို့ရောက်ရှိပြီး မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း ၂၀၀၅–၂၀၀၆ခုနှစ် မိုးရာသီစိုက်ပျိုးရေး တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ တိုင်းဖြေစာရင်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးအောင်တင်မြင့်က ဧရာဝတီတိုင်း၏ မြေအသုံးချမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ် အဓိကသီးနှံ ၁၀ မျိုးစိုက်ပျိုးစေနှင့် ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါးစေ ၃၆သိန်း၊ တိုးချဲ့စိုက်ပျိုးရန်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါး၊ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရော်ဘာစေ ၁၀၀၀၀၀ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပုဂ္ဂလိကစိုက်ပျိုးရေး လုပ်ငန်းရှင်များ၏ မြေယာဖော်ထုတ်စိုက်ပျိုးမှုအခြေအနေ၊ ဝရုတ်ကောင်းစိုက်ပျိုးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းစိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးမျိုးဝေက ၂၀၀၅–၂၀၀၆ ခုနှစ် ဧရာဝတီတိုင်းအတွင်း အဓိကသီးနှံများ၏ နှစ်စဉ်စိမ်ကိန်း လျာထားချက်နှင့် မိုးစပါး၊ ဆောင်းသိန်းစိုက်ပျိုးမည့် အစီအစဉ်၊ မိုးစပါး တစ်ဧကာ အထွက်နှုန်းတိုးတက်ရေး အစီအစဉ်နှင့် မျှော်မှန်းဧကာ တစ်သိန်း တွင် တင်းတစ်ရာအထွက်နှုန်းရရှိရေး အဓိကထားဆောင်ရွက်မှုအခြေအနေ၊ အထွက်ကောင်းစေပါးမျိုးသစ် ငါးမျိုးဖြစ်သည့် ဆင်းသွယ်လတ်၊ ရွှေပြည်တန်၊ ရွှေမြန်မာ၊ ရေဆင်းလုံးသွယ်နှင့် သုခရင် မျိုးများဖြန့်ဖြူးမှု အခြေအနေနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေသြဇာရောစပ်သုံးစွဲမှုအခြေအနေများကိုလည်းကောင်း၊ ငရုတ်ကောင်းစိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတိုင်းမန်နေဂျာ ဦးခင်မောင်ဝင်းက ၂၀၀၅–၂၀၀၆ခုနှစ်မှ ၂၀၀၇–၂၀၀၈ခုနှစ် သုံးနှစ်အတွင်း ရော်ဘာစေ တစ်သိန်း စိုက်ပျိုးရန်လျာထားချက်၊ မြို့နယ်အလိုက် ရော်ဘာစိုက်ပျိုးနိုင်မည့် မြေလွတ်မြေရိုင်းနှင့်စိုက်ပျိုးရန် လျာထားဧရိယာ၊ နှစ်အလိုက် မြို့နယ်များ၌ ရော်ဘာစိုက်ပျိုးရန် လျာထားချက်နှင့် ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ ဒေသခံနှင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စိုက်ကောဖော်ထုတ်လျာထားသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖျာပုံ၊ မအူပင်၊ ဟသာတ၊ မြောင်းမြနှင့်ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ခရိုင်အလိုက် ၂၀၀၅–၂၀၀၆ခုနှစ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မိုးစပါး၊ နွေစပါးနှင့် ငရုတ်ကောင်းသီးနှံများ ယမန်နှစ်လျာထားချက်များနှင့် နှိုင်းယှဉ်၍ ယခုနှစ်လျာထားချက်နှင့် အညီ စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်သူရဖြင့်အောင်က အချိန်နှင့်တစ်ပြေးညီလုပ်ငန်းများ ပြီးစီးရန် ကြိုးကြပ်ဆောင်ရွက်ကြရေး၊ ရည်မှန်းချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေး၊ နည်းလမ်းအသွယ်သွယ်ဖြင့် နေရာလပ်မကျန် စိုက်ပျိုးဆောင်ရွက်ရေး၊ ရော်ဘာပျိုးခင်းများပျိုးထောင်စိုက်ပျိုးရေး၊ ငရုတ်ကောင်းပင်များသတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေးနှင့် လုပ်ငန်းများလျာထားချက်နှင့်အညီဆောင်ရွက်ရာတွင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ကြရေးအတွက် တာဝန်ပေးမှာကြား ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်စီးပွားရေးတိုးတက်မှုအတွက်အဓိကကျသည်တိုင်းတစ်ဝိုင်း ဖြစ်ရာ မိမိတို့အနေဖြင့် ဧရာဝတီတိုင်း၏ ပင်မစီးပွားရေးလုပ်ငန်းကြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တိုင်းနှင့် နိုင်ငံတော် ကြီးပွားတိုးတက်စေရန် သန္ဓိဌာန်စိတ်ဖြင့် စေတနာထားရှိအလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကသီးနှံ ၁၀မျိုးကို လျာထားချက်အပြင် တိုးနိုင်သမျှ တိုးတက်စိုက်ပျိုးရန်လိုသကဲ့သို့ ပန်းတိုင် အထွက်နှုန်းတိုးတက်ရရှိရေး၊ စိုက်စွမ်းအား တိုးမြှင့်ရေးတို့ကို ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် မိုးစပါးကိုဧက တစ်သိန်းတိုး၍ ဧက ၃၆သိန်းပြည့်မီရေး အစွမ်းကုန်ဆောင်ရွက်ကြရေး၊ ရည်မှန်းချက်နှင့်အညီ ပြည့်မီအောင် နှစ်ရှည်ပင်ဖြစ်သည့်ရော်ဘာတို့ကိုလည်း လျာထားချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် ရယူဖြန့်ဖြူးခြင်း၊ ပျိုးခင်းများ စုဆောင်းခြင်း၊ နည်းပညာပေးခြင်းစသည့် ပံ့ပိုးမှုများကို စီစဉ်ဆောင်ရွက် ပေးရန်လိုကြောင်း၊ မွေးမြူရေးနှင့် စပ်လျဉ်း၍ ရေချိုငါးမွေးမြူရေး၊ ဒေသကြက်မွေးမြူရေးတို့ကို ယခုထက်ပိုမို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်း၊ ခရိုင်နှင့် မြို့နယ်အလိုက်ဒေသဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားသော ကော်မတီများတွင် တာဝန်ပေးအပ်ထားရာ မိမိတို့ ဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများအပြင် သက်ဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းများကိုလည်း တာဝန်ကျေရုံ မဟုတ်ဘဲ စေတနာထား၍ ဒေသဖွံ့ဖြိုးရေးကိုအောက်ခြေကျေးလက်အထိဆင်းကာ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာပရိယတိတ နှစ်ပတ်လည် ပူဇော်ပွဲရက် ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မင်္ဂလာဗျူဟာပရိယတိအဖွဲ့၏ (၈)နှစ်မြောက်အထိမ်းအမှတ် အသက် (၁၀၀)ပြည့် ဘိုးဘွားများပူဇော်ပွဲကို ယခင်ကြေညာထားသည့်ရက်အစား ဇူလိုင် ၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အသင်းချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မရမ်းကုန်းမြို့နယ် ၉မိုင် ရွှေနှင်းဆီလမ်းသွယ်(၆) အမှတ် ၂၃၁ နေ ဦးထွန်းထွန်းဝင်း–ဒေါ်ခင်ဥမ္မာစိုးအောင်မိသားစုက ဗဟန်းမြို့နယ် စီဝီတခါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းဆေးပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံစဉ်။ (က–ပ)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

တရုတ်ပြည်မကြီးနှင့် အထူးအုပ်ချုပ်ရေးဒေသများ၌ ကူးစက်ရောဂါများ ပူးပေါင်းတိုက်ဖျက်သွားမည်

ဟောင်ကောင် ဇွန် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအုပ်ချုပ်ရေးဒေသ နှစ်ခုဖြစ်သည့် ဟောင်ကောင်နှင့် မကာအိုတို့မှ ပြည်သူ့ကျန်းမာရေး ဧဒင့်ရောဂါမှုနှင့်စပ်လျဉ်း၍ တရုတ်ပြည်ကျန်းမာရေးဝန်ကြီးဌာနက ဟောင်ကောင်၊ မကာအိုတို့နှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်ကျန်းမာရေးဝန်ကြီး ကျောက်ကျင်က ဆင်ဟွာသို့ ဇွန် ၁၁ရက်က ပြောကြားလိုက်သည်။

ဟောင်ကောင်နှင့် မကာအိုခရီးစဉ် နောက်ဆုံးရက်တွင် တရုတ်ကျန်းမာရေး ဝန်ကြီး ကျောက်ကျင်က ဟောင်ကောင်နှင့် မကာအိုတွင် ကူးစက်ရောဂါများ ဖြစ်ပွားလျှင် ပြည်မကြီးမှ အာဏာပိုင်များက ဟောင်ကောင်နှင့် မကာအိုကို ရှင်းဦးစွာ ချက်ချင်းအသိပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စများ ကိုင်တွယ်မည် ပူးပေါင်းဆောင်ရွက်ရေးယန္တရား ထူထောင်ရန်လည်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက ဟောင်ကောင်၊ မကာအိုတို့နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားလာခဲ့လျှင် မိမိတို့ကျန်းမာရေး ဝန်ကြီးဌာနက ဟောင်ကောင်နှင့်မကာအိုတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သောအကူအညီများပေးကာ တိုက်ဖျက်သွားမည်ဖြစ်ကြောင်း တရုတ် ကျန်းမာရေး ဝန်ကြီးကျောက်ကျင်က ပြောကြားသည်။

သဘောတူ

တရုတ်ပြည်မကြီးနှင့် အထူးအုပ်ချုပ်ရေးဒေသများသည် ပြည်သူ့ကျန်းမာရေးနှင့် စပ်လျဉ်း၍ ခိုင်မာစွာပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ အထူးသဖြင့် ရောဂါကာကွယ်ရေးတွင် အပြန်အလှန် အသိပေးကူညီရေးကို ဆွေးနွေးသဘောတူကြကြောင်း၊ ၎င်းက ပြောကြားလိုက်သည်။

အမ်အင်အေ-ဆင်ဟွာ

ကုလလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး ဆန္ဒမဲပေးပွဲ ဇူလိုင်လအထိ ရွှေ့ဆိုင်းပွဲယ်ရှိ

ကုလသမဂ္ဂ ဇွန် ၁၄

ဂျာမနီ၊ ဂျပန်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးအတွက် ဇွန်လအတွင်း၌ ဆန္ဒမဲပေးရေးကိစ္စကို ဆက်လက်တွန်းအားပေးမည်ဖြစ်သော်လည်း ဇူလိုင်လအထိတိုင်အောင် ရက်ကိုရွှေ့ဆိုင်းဖွယ်ရှိကြောင်း ဂျာမနီသံအမတ်ကြီး ဂန်တာပလေဂျာက ဇွန် ၁၀ရက် သောကြာနေ့က ပြောကြားလိုက်သည်။

ချမှတ်မည်

အဆိုပါလေးနိုင်ငံသည် လုံခြုံရေးကောင်စီအဖွဲ့ဝင်သစ် ၁၀ဦးကို ၁၅ဦးရှိ လုံခြုံရေးကောင်စီ၌ ပေါင်းစပ်တိုးချဲ့မည့်ကိစ္စနှင့် စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက်မူကြမ်းကို ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်ခဲ့သည်။ အဆိုပါလေးနိုင်ငံက အဆိုပြုထားသော အချိန်ဇယားအရ အထွေထွေညီလာခံသည် ဆုံးဖြတ်ချက်မူကြမ်းကို ဇွန်လအတွင်း၌ မဲခွဲဆုံးဖြတ်ကာ ဇူလိုင်လထဲ၌ အမြဲတမ်းအဖွဲ့ဝင်သစ်ခြောက်ဦးကို ရွေးချယ်ပြီးနောက် ဇူလိုင်လကုန်ပိုင်း၌ ကုလသမဂ္ဂပဋိဉာဉ်စာတမ်းကို ပြုပြင်ရန် နောက်ထပ်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်မည် ဖြစ်သည်။

ပြောကြား

ဇွန်လအတွင်း၌ဖြစ်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ဂျာမန်သံအမတ်ကြီးနှင့်အတူ အခြားသုံးနိုင်ငံ သံအမတ်ကြီးသုံးဦးတို့ ဆွေ့ဆုံစည်းဝေးပြီးနောက် ဂျာမန်သံအမတ်ကြီး ပလေဂျာက သတင်းထောက်များအား ပြောကြားခဲ့သည်။

မူကြမ်းအသစ်တွင် ပြောင်းလဲမှုများကို အာနန်အား မိမိတို့အကျဉ်းချုံး တင်ပြခဲ့ကြောင်းနှင့် လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရန် အဆင့်သုံးဆင့်ရှိ လုပ်နည်းအစဉ်ကို လေးနိုင်ငံကဆက်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း ပလေဂျာက ပြောကြားသည်။

အမ်အင်အေ-ဆင်ဟွာ

စဉ်းစား

တရုတ်နိုင်ငံ အနောက်ဘောင်ပိုင်းရှိ ချုံကင်းမြို့ ဘူတာရုံ၌ မီးရထားပေါ်သို့မတက်မီ ဝင်ပေါက်တွင် အီလက်ထရွန်နစ်သုံး မီးရထားလက်မှတ်ဖြင့် အစစ်ဆေးခံသည့်စနစ်ကို စစ်းသပ်ပြုလုပ်နေသူတစ်ဦးအား ဇွန် ၁၃ရက်က တွေ့ရစဉ်။(၎င်းစနစ်ကို ဇွန် ၁၈ရက်တွင် စတင်အသုံးပြုမည်ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဂန်းနစ်(စ)စာအုပ်၌ မိမိနာမည်ပါဝင်လိုသူ ဟား၊ မြွေ၊ ပိုးဟပ်၊ တိကောင်တို့ကို အချင်လတ်လတ်စားခဲ့ကြောင်း ဝီတီဆိုင် သတင်းဌာနက ဇွန်၁၂ရက်တွင်သတင်းဖော်ပြလိုက်သည်။

အင်္ဂလန်၊ ဇွန် ၁၄

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်ရှိ ရှိမိုဂါခရိုင်မှ အသက်(၂၄)နှစ်အရွယ်ရှိ မိဟာမက်မန်ဆူးဆိုသူသည်ဂင်း နစ်(စ)စာအုပ်၌ စာရင်းဝင်ရန်အတွက် ဖားများ၊ မြွေများ နှင့်ပိုးဟပ်များကို အရှင်လတ်လတ်စားခဲ့ကြောင်း ဝီတီဆိုင် သတင်းဌာနက ဇွန်၁၂ရက်တွင်သတင်းဖော်ပြလိုက်သည်။

ပါဝင်လို

ဂင်းသည်ဖားများ၊တီကောင်များ၊ ပိုးဟပ်များ၊ ရေမြွေများနှင့် အသားစိမ်းများကို စားခဲ့သည်ဟုဆိုသည်။ ဂင်းသည် ကာနာတာကာပြည်နယ် ရှိမိုဂါခရိုင်မှဖြစ်ပြီး ဂင်းနစ်(စ) စာအုပ်၌ သူ၏နာမည်ပါဝင်လို၍ ထိုသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။

စားနိုင်

ဂင်းက တစ်ခါချက်ပြုတ်ခဲ့၍ မပြုတ်ရသေးသော ဥအလုံး ၆၀ကို စားနိုင်ကြောင်းလည်း ပြောဆိုသည်။ ဂင်းသည် နေ့စဉ်အသားစိမ်း ငါးကီလိုကို အစာကြေညက်စေနိုင်သည်ဟုဆိုသည်။

အမ်အင်အေ-ဝီတီဆိုင်

ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံ မလေးရှား၌ စတင်ဆောင်ရွက်

ကွာလာလမ်ပူ ဇွန် ၁၄

မလေးရှားနိုင်ငံ၏ နဝမစီမံကိန်း ၂၀၀၆-၂၀၁၀အရ ပြည်နယ်အသီးသီးတွင် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးဌာန တစ်ခုစီထူထောင်သွားမည်ဟု ဘာနာမာသတင်းဌာနက ဇွန် ၁၁ရက် စနေနေ့၌ သတင်းဖော်ပြသည်။

ကြည်ညာ

ကွာလာလမ်ပူကောင်စာက် ကီလိုမီတာ ၉၀ခန့်ရှိ ပို့တ်ဒစ်ဆွန်ဖြို့တွင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံစည်းရုံးလှုံ့ဆော်မှု စတင်သည့်အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ် အဓွန္နလာအာမက်ဘာဒါဝီက ယင်းစီမံကိန်းကိုကြေညာခဲ့သည်။

ယင်းကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးဌာနများသည် ပြည်သူများ၏ အသိပညာနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သောအတွေးအခေါ်ရှိခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို ထိန်းချုပ်ခြင်းဆိုသော နယ်ပယ်လေးခုတွင်ကျွမ်းကျင်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း ဘာဒါဝီက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားပြီး မိန့်ခွန်းကို ဆမ်ဘီလန်ပြည်နယ် ဝန်ကြီးချုပ်မိဟာမက် ဟက်ဆန်က ဖတ်ကြားပြသည်။

ညီညွတ်ရန်

ယင်းဌာနများကို ထူထောင်ခြင်းသည် ပြည်သူများကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် အစိုးရ၏ ဆန္ဒကို သဘောပေါက် နားလည်စေရန်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။ ပီနန်၌ရှေ့ပြေးစီမံကိန်းတစ်ရပ် ထူထောင်ထားကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားသည်။

ပြောင်းလဲရန်

ကျန်းမာရေးနှင့်ညီညွတ်သော လူအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် အစိုးရကြေငြာရသည့် အခြေခံစိန်ခေါ်မှုသည် မလေးရှားပြည်သူများ၏ ကျင့်ကြံနေထိုင်မှုစနစ်ပြောင်းလဲရန်ဖြစ်ကြောင်း၊ လူအဖွဲ့အစည်းအနေဖြင့် ကျင့်ကြံနေထိုင်မှုစနစ်ပြောင်းလဲရံသာမက ကျင့်ကြံနေထိုင်မှုစနစ်သစ်များကိုလည်း ဆက်လက်လုပ်မြဲလုပ်ဆောင်သွားရန် အချိန်များစွာလိုကြောင်း ဘာဒါဝီက ပြောကြားသည်။

အမ်အင်အေ-ဆင်ဟွာ

မီးလောင်

တိကရစ်ဖြို့တွင် ကားဒုံးခွဲတိုက်နိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်များကို ဇွန် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ဆီးရီးယား ထောက်ပံ့ကူညီပေးမည်

ဒမတ်စကတ် ဇွန် ၁၄

ဆီးရီးယားဝန်ကြီးချုပ် မိဟာမက်နဂျီအိုထရိက အီရတ်နိုင်ငံတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် အထောက်အကူပေးမည်ဟု စနေနေ့က ပြောကြားခဲ့ကြောင်း အက်စ်အေအင်အေ သတင်းဌာနအရာရှိက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံသည် မိမိ၏အနာဂတ်ကို ကိုယ်ပိုင်ဆုံဖြတ်ပိုင်ခွင့်ရှိကြောင်း အလည်အပတ်ရောက်ရှိနေသော အီရတ် လွှတ်တော်အဖွဲ့ဝင်များနှင့် ဆိုင်ပါဟ်အယ်(လ်) ဆမ်မာရီနှင့် ရေအရင်းအမြစ်ဝန်ကြီးအဓွန္နလာလက်တ(ဖ်)ရာရှစ်(ဒ်)တို့အား အိုထရိက တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများအတွက် လိုအပ်သောအကူအညီအားလုံးကို ဆီးရီးယားနိုင်ငံက ဖြည့်ဆည်းပေးရန် အဆင်သင့်ရှိကြောင်း ဝန်ကြီးချုပ်အိုထရိက ပြောကြားခဲ့သည်။ ထို့ပြင် ရေအရင်းအမြစ်အသုံးချရေး နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆီးရီးယားအရာရှိများနှင့် ဆွေးနွေးရန် ကြာသပတေး နေ့ကတည်းက ရောက်ရှိခဲ့သည်။

အမ်အင်အေ-ဆင်ဟွာ

အသံလွှင့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့် ဆီးရီးယားနှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုး

၁၈မတ်စကတ်စ် ဇွန် ၁၄

နှစ်နိုင်ငံအကြား အသံလွှင့်လုပ်ငန်းများ အပြန်အလှန် တိုးမြှင့်ဆက်ဆံမှုများ ပြုလုပ်ကြရေးအတွက် အသံလွှင့်ခြင်းလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို တရုတ်နှင့် ဆီးရီးယားနိုင်ငံတို့က ဇွန် ၁၂ရက် တနင်္ဂနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ သိပ္ပံပညာ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစသည့် နယ်ပယ်ကဏ္ဍများတွင် အသံလွှင့်ခြင်းနှင့် ရုပ်မြင်သံကြား အစီအစဉ်အမျိုးမျိုးကို ပူးပေါင်းလုပ်ကိုင်ကြမည်ဖြစ်သည်။

ထို့အပြင် အသံလွှင့်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ရေးနှင့် အလည်အပတ်ခရီးစဉ်များ တိုးချဲ့ပြုလုပ်ကြရန်လည်း အဆိုပါ သဘောတူညီချက် စာချုပ်တွင်ပါရှိသည်။

ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ပူးတွဲထုတ်လုပ်မှုနှင့် ဝန်ထမ်းများ လေ့ကျင့်ရေးတို့တွင်လည်း ဆောင်ရွက်ကြရေး ယင်းသဘောတူစာချုပ်တွင် ပါရှိသည်။

အဆိုပါ သဘောတူစာချုပ်ကို တရုတ်နိုင်ငံ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအုပ်ချုပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဟူကျင်ဖန်နှင့် ဆီးရီးယားနိုင်ငံ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားအုပ်ချုပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် မိအမ်ဟောဒါတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်အေးဆင်ဟွာ**

အနောက်ဘက်ကမ်းနှင့် ဂါဇာမှ အစ္စရေးတို့ ရုပ်သိမ်းရေး ပါလက်စတိုင်းခေါင်းဆောင်နှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဆွေးနွေးမည်

ဂါဇာ ဇွန် ၁၄

ဂါဇာနှင့် အနောက်ဘက်ကမ်းအချို့ နေရာတို့မှ အစ္စရေးတို့ ရုပ်သိမ်းပေးရေး၊ အနောက်ဘက်ကမ်းရှိ အသိမ်းပိုက်ခံ ပါလက်စတိုင်းဖြို့များ လွှဲပြောင်းပေးရေးနှင့် တကွ ပါလက်စတိုင်း အကျဉ်းသားများ ပိုမိုလွှတ်ပေးရေး၊ ပါလက်စတိုင်းလူပုဂ္ဂိုလ်များမှ ကန့်သတ်ချက်များ လျော့ပေးရေး စသည့်ကိစ္စများကို ပါလက်စတိုင်းနှင့် အစ္စရေးတို့ ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းဖြင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်က ထုတ်ဖော်ပြောကြားလိုက်သည်။

မျှော်လင့်

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်က ၎င်းနှင့် အစ္စရေးဝန်ကြီးချုပ်ရာရွန်တို့ ဇွန် ၂၁ရက် မတွေ့ဆုံမီ ပါလက်စတိုင်းနှင့် အစ္စရေးအရာရှိများအကြား ထင်ရှားသော ကိစ္စအချို့တွင် သဘောတူညီမှုရရှိမည်ဟု မျှော်လင့်ကြောင်း ဇွန် ၁၁ရက်တွင် ပြောကြားလိုက်သည်။

မိမိသည် အစ္စရေးဝန်ကြီးချုပ် ရာရွန်နှင့် ဇွန်၂၁ ရက်တွင် ထိပ်သီးချင်း တွေ့ဆုံမည့်ကိစ္စမှာ သဘောတူညီပြီး ကိစ္စများနှင့် စပ်လျဉ်း၍ အတည်ပြု ကြေညာရန်ဖြစ်ကြောင်း ဂါဇာစီးတီးသို့ လာလောဆယ် ရောက်ရှိနေသည့် မာမွတ် အဘာတ်စ်က သတင်းထောက်များအား ပြောကြားသည်။

ဧန်၁၀ရီ ဉရက်နေ့တွင် ကွယ်လွန်သူပါလက်စတိုင်း ခေါင်းဆောင် အာရာဖတ်၏ နေရာကိုဆက်ခံရန် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ဒုတိယအကြိမ်ထိပ်သီး ဆွေးနွေးပွဲအတွက် ပြည်ပြည်ဖုံစုံပြင်ဆင်ထားရန် ဆောင်ရွက်နေကြောင်းဖြင့်လည်း အဘာတ်စ်က ထုတ်ဖော်ပြောကြားသည်။

မာမွတ်အာဘတ်စ်သည် ပါလက်စတိုင်းခေါင်းဆောင် အဖြစ် အရွေးခံရပြီးနောက် အစ္စရေးဝန်ကြီးချုပ် ရာရွန်နှင့် ရုန်းအယ်ရှိတ်တွင် ဇေဖော်ဝါရီ ရက်က ပထမဆုံးအကြိမ် တွေ့ဆုံပြီး လေးနှစ်ကြာအကြမ်းဖက်မှုအဆုံး သတ်ရန် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ကြေညာနိုင်ခဲ့သည်။ **အမ်အင်အေးဆင်ဟွာ**

ဂျပန်နိုင်ငံတိုက်ဖျိုဖြို့တွင် ဒါရိုက်တာစတီဗင်စပီးလ်ဘတ်က ၎င်းရိုက်ကူးခဲ့သော "War of the Worlds" ရုပ်ရှင်ကားကို ပွဲဦးထွက် ပြသရန် ရောက်ရှိလာရာ ဂျပန်ရုပ်ရှင်ပါသနာအိုးများနှင့်အတူ ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်နိုင်ငံ၏ စာမတတ်မှုနှုန်း ၂၀၀၄ခုနှစ်တွင် ကျဆင်းသွားခဲ့

ကူဝိတ်စီးတီး ဇွန် ၁၄

ကူဝိတ်နိုင်ငံရှိ စာမတတ်မှုနှုန်းသည် ၂၀၀၃ခုနှစ်တွင် ၀ ဒသမ ၅ရာခိုင်နှုန်းမှ ၆ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ တရားဝင်သတင်းတစ်ရပ်က စနေနေ့တွင် ဖော်ပြခဲ့သည်။

အမျိုးသားများအကြား စာမတတ်မှုနှုန်းသည် ၂၀၀၃ခုနှစ်တွင် ၂ဒသမ ၃ရာခိုင်နှုန်းမှ ၂၀၀၄ခုနှစ်တွင် ၂ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး အမျိုးသမီးများအကြား စာမတတ်မှုနှုန်းသည် ယင်းကာလအတွင်း ၁၀ ဒသမ ၄ရာခိုင်နှုန်း မှ ၉ဒသမ၈ရာခိုင်နှုန်းအထိကျဆင်းခဲ့ကြောင်း စီမံကိန်း၀န်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ကူဝိတ်သတင်းဌာနက ကိုးကားဖော်ပြသည်။

မူလတန်းပညာ တတ်မြောက်သူ လူအရေအတွက်သည် ၂၀၀၃ခုနှစ်တွင် ၂ရာခိုင်နှုန်းမှ ၂၀၀၄ခုနှစ်တွင် ၂၁ ဒသမ၉ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ အမျိုးသားများအနေဖြင့် ၂၃ ဒသမ ၆ရာခိုင်နှုန်းမှ ၂၄ ဒသမ ၄ ရာခိုင်နှုန်းအထိလည်းကောင်း၊ အမျိုးသမီးများမှာ ၁၈ ဒသမ ၆ရာခိုင်နှုန်းမှ ၁၉ ဒသမ ၆ရာခိုင်နှုန်းအထိလည်း ကောင်း တိုးမြင့်လာခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကျဆင်း

မည်သို့ပင်ဖြစ်စေ အလယ်တန်းကျောင်း ပညာတတ်မြောက်သည့် လူအရေအတွက်မှာမူ ၂၀၀၃ခုနှစ်တွင် ၂၈ဒသမ၈ရာခိုင်နှုန်းမှ ၂၀၀၄ခုနှစ်တွင် ၂၈ဒသမ ၄ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး အမျိုးသားများအကြား ၃၂ဒသမ ၈ရာခိုင်နှုန်းမှ ၃၂ဒသမ ၄ရာခိုင်နှုန်းနှင့် အမျိုးသမီးများအကြား ၂၅ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၆ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေးဆင်ဟွာ**

ဘဂ္ဂဒက်ခ်ိုကန့်စစ်ယာဉ်တန်းအား ပုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၁၄

ဘဂ္ဂဒက်မြို့တွင် အမေရိကန် စစ်ဘက်ယာဉ်တန်း တစ်စုအနီး ဇွန် ၁၃ရက်က ကားပုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ပြီး အီရတ်ပြည်သူ လေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်း ယာမောခရိုင်တွင် ဇွန် ၁၃ရက် မွန်းလွဲ ၂နာရီခန့်က အမေရိကန်စစ်ဘက် ဆိုင်ရာ မော်တော်ယာဉ်ငါးစီးပါရှိသော ယာဉ်တန်းအနီး ကားပုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ပြီး စစ်ယာဉ်တစ်စီးလည်း ပျက်စီးသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်များကို အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းက သယ်ယူရန် ဆင်းသက်လာသည်ကို တွေ့မြင်ရကြောင်း မျက်မြင်တွေ့ရှိသူ ရာဓင်က ပြောကြားသည်။

ယင်းပုံးပေါက်ကွဲမှုမှာ အီရတ် အစိုးရအဖွဲ့အဆောက် အအုံတစ်ခုဆီ မလှမ်းမကမ်းနေရာတွင် ဖြစ်ကြောင်းလည်း အဆိုပါမျက်မြင်တွေ့ရှိသူက ပြောကြားသည်။

အမ်အင်အေးဆင်ဟွာ

အဆောက်အအုံပျက်စီး

အီရတ်မြောက်ပိုင်း ဟာဝီဂျာမြို့တွင် ကားပုံးခွဲ တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို ဇွန် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

လက်နက်ပုန်းများဖျက်သိမ်းရေး အာဖဂန်နစ္စတန်၌ စတင်ဆောင်ရွက်

ကဘူး ဇွန် ၁၄

စစ်ကြောင့် ဖရိဖရဲဖြစ်နေသော အာဖဂန်နစ္စတန်နိုင်ငံတွင် လက်နက်ပုန်းများ ရှင်းလင်းဖယ်ရှားပြီး လုံခြုံရေးတည်ငြိမ်မှုရရှိရန် ဆက်လက်ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် အစိုးရသည် လက်နက်ဖျက်သိမ်းရေးအစီအစဉ်များကို နိုင်ငံတစ်ဝန်း၌ ဇွန် ၁၁ရက်က စတင်ဆောင်ရွက်ကြောင်း ဒုတိယသမ္မတ ကာရဇ်ခါလီလီက ပြောကြားသည်။

ဦးဆောင်ရေးနှင့် လုံခြုံရေးကို ပိုမိုမြှင့်တင်ရမည့် အားလျော်စွာ အစိုးရသည် နိုင်ငံတစ်ဝန်းလုံးရှိ တရားမဝင် လက်နက်ကိုင်အုပ်စုများနှင့် တစ်ဦးချင်းစီမှ လက်နက်ပုန်းများကို စတင်သိမ်းဆည်းလျက်ရှိကြောင်း ကဘူးၭွှန်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတင်းထောက်များအား ၎င်းက ပြောကြားလိုက်သည်။

အကောင်အထည်ဖော်

တရားမဝင် လက်နက်ကိုင်အုပ်စုဖျက်သိမ်းခြင်း(ဒီအိုင်အေဂျီ)ဟု ခေါ်သည့် အဆိုပါ အစီအစဉ်သစ်ကို ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

တရားမဝင် လက်နက်ကိုင်အုပ်စုများအား ဖော်ထုတ်ပြီး ၎င်းတို့၏ လက်နက်ပုန်းများကို သိမ်းဆည်းရန် အချိန်တစ်နှစ်ပေးကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်အေးဆင်ဟွာ

လူသားနှင့်ဆင်တို့ ပဋိပက္ခဆိုင်ရာညီလာခံ နီပေါနိုင်ငံတွင် ကျင်းပ

ခတ္တမန္တု ဇွန် ၁၄

ထောင်အာရှနိုင်ငံများတွင် လူသားနှင့်ဆင်တို့ဖြစ်ပွားနေသော ပဋိပက္ခမှု၏ သင်ခန်းစာများနှင့် အတွေ့အကြုံများကို ဖလှယ်မည့်ဒေသဆိုင်ရာ ညီလာခံကို ခတ္တမန္တုမြို့၌ ဇွန် ၁၃ ရက် တနင်္လာနေ့က ဖွင့်လှစ်ခဲ့သည်။

နှစ်ရက်ကြာ ကျင်းပသည့်ညီလာခံကို နီပေါအစိုးရနှင့် ကမ္ဘာတောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့(ဒဗလျူဒဗလျူ အက်ဖ်)တို့က ပူးတွဲကျင်းပခြင်းဖြစ်ပြီး လူသားနှင့်ဆင်ဖြစ်ပွားနေသော ပဋိပက္ခကဲ့သို့ ပြဿနာရပ်များကို အဓိက ဆွေးနွေးကြသည်ဟု ဒဗလျူ ဒဗလျူအက်ဖ်၏နီပေါကိုယ်စားလှယ် ချန်ဒရာဝီရုရန်းက သတင်းထောက်များကို ပြောကြားသည်။

တက်ရောက်

အဆိုပါ ညီလာခံသို့ ဘင်္ဂလားဒေရှ်၊ ဘူတန်၊ အိန္ဒိယနှင့်နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ အစိုးရအရာရှိများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သည့် အသက်ဆွေးမဲ့ကျောင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ တက်ရောက်ခဲ့ကြသည်။

၎င်းတို့သည် လူသားနှင့်ဆင်တို့ဖြစ်ပွားသည့် ပဋိပက္ခမှုဆိုင်ရာ အသိပညာ ဗဟုသုတများကို ဆွေးနွေးဖလှယ်ကြသည်ပြင် တောင်အာရှ၌ လူသားနှင့် ဆင်ဖြစ်ပွားသည့် ပဋိပက္ခမှုလျော့နည်းစေမည့် မဟာဗျူဟာများနှင့်စပ်လျဉ်း၍ အဓိကသင်ခန်းစာများကို လေ့လာကြမည်ဖြစ်သည်။ **အမ်အင်အေးဆင်ဟွာ**

တိုင်းမှူး ပိုလ်ချုပ်ခင်မောင်မြင့် စစ်တွေအစိုးရနည်းပညာကောလိပ်လုပ်ငန်းခွင်ကြည့်ရှု ရေချမ်းပြင်ကွင်း ရေထိန်းတံခါးတည်ဆောက်မည့်နေရာ လှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်ခင်မောင်မြင့်သည် စစ်တွေတပ်နယ်မှ ပိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီတွင် စစ်တွေမြို့ အစိုးရနည်းပညာကောလိပ်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီးဒေါက်တာဝင်းနိုင်က ကျောင်းပညာသင်ကြားမှု အခြေခံနေနှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ကျောင်းဝတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စစ်တွေတပ်နယ်မှ ပိုလ်မှူးချုပ်သန်းထွန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးက ကျောင်းအတွင်းတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် အစိုးရနည်းပညာကောလိပ်၏ သုံးထပ်ဆောင်ပေါ်မှ ကျောင်းပရဝဏ်အတွင်းရှိ တည်ဆောက်ဆဲ ကျောင်းတွင်းပတ်လမ်းများ၊ ကျောင်းအဝင် လေးလမ်းသွားလမ်းမကြီးနှင့် မြေယာရှုခင်းအလှ တည်ဆောက်မှုအခြေအနေများ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မှာကြားဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်တွေမြို့ ရေချမ်းပြင်ကွင်း လယ်မြေများအား ရေလန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် ရေထိန်းတံခါးတည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း ဒီဝိတခါန ဆ ဘရွတောအတွက် အလှူငွေကျပ်တစ်သိန်းကို ရန်ကင်း (၆) ရပ်ကွက် သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ်မိသားစုက ဇွန် ၁၄ ရက်က လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ဓမ္မသိရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

ဓမ္မသာကစ္ဆာအပွဲ၁၂ပ် စာအောင်ဆုနှင့်သဘင်ကျင်းပ

ရန်ကုန် ဇွန် ၁၅

ရွှေတိဂုံစေတီတော် စနေထောင့် ရွှေတောင်ငွေတောင် တန်ဆောင်းနိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ ချုပ်၏ အကြိမ်(၃၀)မြောက် သြဝါဒ ခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေ့ဦးဖွာ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် ပဥ္စနိကာကျောင်းတိုက် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသထံမှ ရေစက် ချတရားနာယူကြသည်။

ယနေ့ချီးမြှင့်သော စာအောင် ဆုနှင်းသဘင်တွင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် အောင်မြင်သူ ဂုဝ အား ဂုဏ်ပြုလွှာနှင့် ဆုငွေများ ချီးမြှင့်ကြောင်း သိရသည်။ **(က–ပ)**

ခေါ်မိန်းလွဲခွေပြည်ဂျာနယ် အတွဲ(၂)အမှတ်(၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ ၂၊ အမှတ် ၆ ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဓောတ၊ ကျော်ဇင်ညွှန့်၊ (တရားရုံးချုပ်ရှေ့နေ)၊ သက်သက်သင်း(ပညာရေး)၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဓေယျာအောင်စိုး၊ လေးဝတီကျော်၊ မြတ်ရည်မွန်၊ ကျော်ဇင်ဝင်း(ပဲခူး)၊ ကနောင် မောင်မောင်၊ ကဝါလမိုင်းယောဟန်၊ ဖြိမ်မိုင်၊ ခင်လယ်လယ် ချစ်(မြန်/ဂုဏ်)၊ မော်ကြီး၊ မရွှန့်၊ စိုးအောင်၊ ခေတ္တရာ ဆရာကျော်၊ အေးဝေ(သရက်)၊ မြန်မာပြည် ဆရာဟိန်း တို့၏ သုတရသဆောင်းပါးများ၊ ဦးထွန်းထွန်း-ဦး (မ–ပ–ခ)၊ မောင်ချစ်ခင်(မြို့ငှက်)၊ စွမ်းဝေ(ဇီးကုန်း)တို့၏ ကဗျာများ၊ ရုပ်ရှင်၊ ဗီဒီယိုအညွှန်း၊ ဆောနန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြော သင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြ ပါရှိသည်။ **(သတင်းစဉ်)**

အဘိဓမ္မာစာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၈)ကြိမ်မြောက် အဘိဓမ္မာ(အဂဂမ+ သဘာဝ)စာတော်ပြန်ပွဲကြီးကို ၁၃ရက် ခုနှစ် တော်သလင်းလဆန်း ၈ရက်မှ ၁၀ရက်အထိ ဗဟန်းမြို့နယ် ဗဟန်း လမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ၊ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

စာတော်ပြန်ပွဲ ဝင်ရောက်ဖြေဆို မည့် ရဟန်းရှင်လူ ပုဂ္ဂိုလ်များသည် ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း ကြီး၏ ရုံးခန်းတွင် ဇူလိုင် ၂၃ ရက်မှ စ၍ တောင်းခံရယူပြီး ၁၃ဝ၇ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (သြဂုတ် ၂၀ရက်) စနေနေ့မတိုင်မီ ပြန်လည် ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချန်းရွာခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန် ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေ့ခင်္ဂနွေရက်အတွက် ခန့်မှန်းချက်အနေဖြင့် မုတ်သုံလေအား အသင့်အတင့်ရှိမည်ဟု သိရသည်။ (မြန်မာ့အလင်း)

အိုင်တီပညာဖွံ့ဖြိုးရေး ဟောပြောဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၅

အိုင်တီပညာဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ www.myanmars.net ၏ ကူညီပံ့ပိုးမှုဖြင့် 'Present intellectual property and its enforcement in Myanmar and Safeguarding the trademark. Safeguarding your venture' ဟောပြောဆွေးနွေးပွဲကို ဥပဒေပညာရှင် ဦးချစ်ဆွေနှင့် ဦးမင်း တေဇတို့က ဦးဆောင်ဟောပြောမည်ဖြစ်သည်။ ယင်းဟောပြောပွဲကို လှိုင်မြို့နယ် MICT Park ရှိ Mail Building, Room(205)တွင် ဇွန် ၁၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ဆွေးနွေးနိုင်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၀င်များ၊ အိုင်တီပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ ဖုန်း–၆၅၂၇၆၃ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ စက်ချုပ်သင်တန်း(၂/၂၀၀၅) ဖွင့်ပွဲနှင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းက ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်သို့ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

လူငယ်အားဟန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၅

ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၈ နာရီက ငွေးပင်ကျေးရွာအုပ်စု ထန်းပင်ချောင်းကျေးရွာရှိ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးမြင့်စိုးနှင့် ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဟောပြောဆွေးနွေး

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ထန်းပင်ချောင်းကျေးရွာဘုန်းတော်ကြီး ကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးအောင်စိုးတင်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်စိုးက စာကြည့်တိုက် ရေရှည် တည်တံ့ရေးကိစ္စရပ်များကို ဟောပြော ဆွေးနွေးကာ ငွေးပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြပြီး ဌာနဆိုင်ရာများက ပလတ်စတစ်ထိုင်ခုံ အလုံး ၂၀ ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၃)ရေတွန်းစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အောင်ဓမ္မရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အောင်ဓမ္မရိပ်သာ သမိုင်း(မရမ်းခြံ)၏ ၁၃၆၇ခုနှစ်ဝါတွင်းတရားပတ်များ ဖွင့်လှစ်လျက်ရှိရာ (၂၂၈)ကြိမ်မြောက် ဝါဆိုတရားပတ်ကို ဇူလိုင်၂၂ရက်မှ ဩဂုတ်၂ရက်အထိ၊(၂၂၉)ကြိမ်မြောက် ဝါခေါင်တရားပတ်ကို ဩဂုတ်၁၂ရက်မှ ၂၃ရက်အထိ၊ အကြိမ်(၂၃၀)မြောက် တော်သလင်းတရားပတ်ကို စက်တင်ဘာ ၂ရက်မှ ၁၃ရက်အထိ၊ (၂၃၁)ကြိမ်မြောက်သီတင်းကျွတ် တရားပတ်ကို အောက်တိုဘာ၆ရက်မှ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းခွဲခြား၍တွဲ၍ လှူဒါန်းလိုသော စေတနာရှင်များသည် အောင်ဓမ္မရိပ်သာ ပဋိပတ္တိသာသနာ့ အကျိုးဆောင်အဖွဲ့ ဖုန်း-၆၆၁၀၁၀ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှတ်(၃)ရေတွန်းစက်ရုံ ကြည့်ရှုစစ်ဆေး

ရေတွင်းများ တိုးချဲ့တူးဖော်ရာ၌ ရေရှည်စီမံချက်များ ထားရှိဆောင်ရွက်

တစ်နေ့ ရေဂါလန် ၁၁ သန်း အိမ်ထောင်စု ၄၀၀၀ ခန့်ကို တိုးချဲ့ဖြန့်ဝေမည်

ရန်ကုန် ဇွန် ၁၅

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက် ၉နာရီခွဲက ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အမှတ်(၃)ရေတွန်းစက်ရုံသို့ ရောက်ရှိကြသည်။

ရေရှည်စီမံ

တိုင်းမှူးအား ရေတွန်းစက်ရုံ ရှင်းလင်းဆောင်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးဦးထွန်းကြည်က မန္တလေးမြို့၏ ရေပေးဝေရေးစနစ်များ၊ ရေတွန်းစက်ရုံများမှ ရေဖြန့်ဝေပေးမှု၊ စက်ရေတွင်းများ တိုးချဲ့တူးဖော်မှုနှင့် ရေပိုက်လိုင်းများ တိုးချဲ့ချထားမှုတို့အား ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရေလုံလောက်စွာ ရရှိရေးအတွက် စက်ရေတွင်းများ တိုးချဲ့တူးဖော်ရာတွင် ရေရှည်စီမံချက်များထားရှိဆောင်ရွက်ရန် မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ရေတွန်းစက်ရုံအတွင်း ရေတွန်းစက်များ မောင်းနှင်၍ ရေဖြန့်ဝေမှု၊ ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် မီးသတ်ရေငုတ်များ တပ်ဆင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

တိုးချဲ့ဖြန့်ဝေမည်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၃)ရေတွန်းစက်ရုံသည် မဟာအောင်မြေမြို့နယ်တွင် ၅၆လမ်းနှင့် ၆၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် ၃၂လမ်းနှင့်သိပ္ပံလမ်းကြား အိမ်ထောင်စု၄၀၀၀ ခန့်အား တစ်နေ့ ရေဂါလန်၁၁သန်းခန့်ဖြင့် တိုးချဲ့ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်္ဃန်းကျွန်းမြို့နယ် အမက(၃၂) ရန်အောင်ရပ်ကွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက်က ကျောင်းခန်းမ၌ကျင်းပရာ ချို့တဲ့ကျောင်းသူကျောင်းသားများအတွက် အလှူရှင် ဦးခင်မောင်အေး (စီဘီဘဏ်ဥက္ကဋ္ဌ)က ငွေကျပ်သုံးသိန်းကို ရပ်ကွက်ဥက္ကဋ္ဌဦးကြည်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	တမ်းတမ်းတတချစ်ခဲ့လို့ (ဂီတလွင်ပြင်)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	ခမီးရိုးရာယဉ်ကျေးမှုအက
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာ ပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဘဝတွက်တာကျွမ်းကျင်စရာ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ကောင်းကျိုးရှိမည်(CMP)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၁၅

ရွှေတိဂုံစေတီတော် အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် နှစ်လတစ်ကြိမ် ကျင်းပသည့် (၇၇)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန် ၂၆ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇွန် ၂၅ရက်နံနက် ၇နာရီတွင် သွေးလှူရှင်များ ကြိုတင်စာရင်းပေး၍ နံပါတ်ယူကြရန်နှင့် ကုသိုလ်ရှင်များကလည်း လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၃၅၂)**

မေလ၌ မူးယစ်ဆေးဝါးအမှုပေါင်း ၂၁၉ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဇွန် ၁၅

၂၀၀၅ခုနှစ် မေလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း၂၁၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၁ မှု အလေးချိန် ၉၁ဒသမ၈၀၇၅ကီလို၊ ဘိန်းဖြူ ၇၈မှု အလေးချိန် ၆ ဒသမ ၅၈၁၉ ကီလို၊ဘိန်းဆီ ၁၁ မှု အလေးချိန် ဒသမ ၄၅၁၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂ မှု အလေးချိန် ဒသမ ၆၁၅၇ ကီလို၊ဆေးခြောက်၁၄ မှု အလေးချိန် ၄ ဒသမ၂၃၂၅ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂ မှု ၃၈၆၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်တစ်မှု အလေးချိန် ၁၉ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်တစ်မှု ပမာဏ ဒသမ ၁ လစ်တာ၊ ဘိန်းစာမှုန့်ခုနစ်မှု အလေးချိန် ၁၀ ဒသမ ၂၇ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးခဲ(အိုက်စ်)တစ်မှု အလေးချိန် ၁၀၂ ဒသမ ၀၅ ကီလို၊ ဓာတု ဆေးရည်တစ်မှု ပမာဏ ၁၅၀ ဒသမ ၁၅ လစ်တာ၊ မှတ်ပုံတင်ပျက်နှစ်မှု၊ အခြားအမှု ရှစ်မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၅ခုနှစ် မေလတွင် အမှုပေါင်း၂၁၉ မှု ဖမ်းဆီးခဲ့ရာ၌ တရားခံကျား ၂၇၃ ဦး၊တရားခံ မ ၄၇ ဦး စုစုပေါင်း ၃၂၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ဒေါပုံတွင်ကျင်းပ

ရန်ကုန် ဇွန် ၁၅

ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေး နေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၁၂ ရက် နံနက် ၉နာရီက ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ကျင်းပရာ ဟောပြောပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ၁၄ ရပ်ကွက်မှအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဒေါပုံမြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းသိရသည်။ **(ယာဗုံ)** **(မြန်မာ့အလင်း)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၉၀၄၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်

❑ နိုင်ငံတော်တည်ဆောက်ရေး၏တူရူဝါဒသည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး ဖြစ်ကြောင်း၊ ဤတည်ဆောက်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့ ၏ သမိုင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင်ဖန်တီးနိုင်မည်။ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်။

ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ ငြိမ်းချမ်းရေး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်မှ

■ ရှေ့ဖုံးမှ

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပျိုထောင်လေ့ကျင့်ပေး

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ဖွင့်လှစ်သော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် ပညာရည်အဆင့်မြင့်သည့် မျိုးဆက်သစ်လူငယ်များကို နိုင်ငံသားကောင်းများအဖြစ် နိုင်ငံတော်နှင့် အသင်းကြီးကအားထားရသည့် အမျိုးသားရေးအင်အားစုကြီး ဖြစ်လာအောင် စုစည်းပျိုထောင်လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

ဆက်စပ်လေ့လာ

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင်မြင့်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံအခြေအနေနှင့် ကမ္ဘာ့အခြေအနေကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစုစည်းဆက်စပ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာခွင့်ရကြမည် ဖြစ်ကြောင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာဘာသာရပ်သည် နက်ရှိုင်းကျယ်ဝန်းသဖြင့် ဘဝအတွေ့အကြုံနှင့် ဆက်စပ်ဆန်းစစ် လေ့လာကြရန်ဖြစ်ကြောင်း။

နိုင်ငံ့သားကောင်း

ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စဉ်တိုက် ဆက်တိုက် လေ့ကျင့်ပျိုထောင်ပေးနေမှုများသည် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်း ဖြစ်ကြောင်း၊ အမျိုးသားရေးစွမ်းရည် မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက်ရှင်သန်ခိုင်မာရေး၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာအရည်အသွေး မြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ သက်မွေးဝမ်းကျောင်းပညာနှင့် ခေတ်မီနည်းပညာများကို ဆွေးနွေးပို့ချနေခြင်းဖြစ်ကြောင်း၊ ယခုလို လေ့ကျင့် ပျိုထောင်မှုများကြောင့် အမျိုးသားရေးစွမ်းရည် မြင့်မားပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် နိုင်ငံ့သားကောင်းအရည်အချင်းများ၊ ကျွမ်းကျင်မှု၊ အရည်အသွေးများကို ရရှိစေကြောင်း။

မြန်မာ့ရေးရာကိုလေ့လာမည်ဆိုလျှင် မြန်မာနိုင်ငံသည် သဘာဝအားဖြင့် ပထဝီဝင်ဖွဲ့စည်းမှု အခြေခံကောင်းနှင့် ရာသီဥတု အခြေခံကောင်းများ ပိုင်ဆိုင်ကြောင်း၊ သဘာဝသယံဇာတလည်း ပေါများကြွယ်ဝမှုရှိကြောင်း။

ယင်းတို့သည် သဘာဝ၏ စွမ်းအားများဖြစ်ကြောင်း၊ အခြားစွမ်းအားတစ်ခုမှာ မြန်မာ့လူ့အဖွဲ့အစည်းပင်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် သမိုင်းအစဉ်အလာယဉ်ကျေးမှုအခြေခံကောင်းများရှိကြောင်း၊ မြန်မာနိုင်ငံသားများ၏ ထင်ရှားသည့်ဂုဏ်ပုဒ်များကို ကြည့်လျှင် ဇွဲ၊ သတ္တိရှိပြီး စိတ်ရှည်သည်းခံခွင့်လွှတ်တတ်ကြောင်း၊ အပြုံးအာဃာတမကြီးဘဲ ကျေအေးလွယ်ကြောင်း၊ အမျိုးကို စောင့်ရှောက်ထိန်းသိမ်းသည့် အမျိုးသားရေးစရိုက်လက္ခဏာကောင်းများနှင့် ပြည့်စုံသူများဖြစ်ကြောင်း၊ ယခုလို သဘာဝတရား၏ အခြေအနေကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စရိုက်လက္ခဏာကောင်းများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများပင် ဖြစ်ကြောင်း။

လက်တွေ့ခံစားနေရပြီ

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အကြားအလပ်မကျန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ ဘက်စုံကဏ္ဍစုံအားလုံးပါဝင်ကြောင်း၊ တိုးတက်ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံကောင်းများကို လက်တွေ့မျက်မြင်ခံစားစံစားနေရပြီဖြစ်ကြောင်း။

ငြိမ်းချမ်းရေး၏တန်ဖိုး၊ မျိုးချစ်စိတ်ဓာတ်တန်ဖိုးကို နားလည်သဘောပေါက် ရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး စောင့်ထိန်းကာကွယ် း၊ စွမ်းရည်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်

ပူးပေါင်းပါဝင်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံက နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ဒေသအတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကို အလေးအနက်ထား ဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူ ဆက်ဆံရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အတိအကျလိုက်နာကျင့်သုံးနေကြောင်း၊ အာဆီယံ၊ ဘင်းမ်စတက်၊ GMS အဖွဲ့များ၏ လုပ်ငန်းများ၊ အစီအစဉ်များတွင် အလေးအနက်ပူးပေါင်းပါဝင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရာစုနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ဖြစ်ခဲ့ကြောင်း၊ ၁၉ရာစုအတွင်း ကိုလိုနီနယ်ချဲ့၏ ကျူးကျော်စစ်သုံးကြိမ်ဖြင့် မတရားသိမ်းပိုက်ခံခဲ့ရသဖြင့် နှစ်ပေါင်း ၁၂၀ကျော် လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာ လက်လွတ် ဆုံးရှုံးခဲ့ရဖူးကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရှိသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ စုစည်းညီညွတ်သည့် အင်အား၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် လွတ်မြောက်အောင် ပြန်လည်ကြိုးပမ်းခဲ့သဖြင့် လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း။

အမျိုးသားရေးတာဝန်

လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတော်အတွက် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း၊ ဤအမွေအနှစ်များကို မျိုးဆက်သစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် သမိုင်းကပေးသော အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ဖို့ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေး အင်အားစုကြီးဖြစ်ကြောင်း၊ ဤအမျိုးသားရေး အင်အားစုကြီးသည် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီးကို ကာကွယ်နိုင်စွမ်းရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇)သင်တန်းဖွင့်ပွဲတွင် နိုင်ငံတော်တည်ဆောက်ရေး၏တူရူချက်သည် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးဖြစ်ကြောင်း။ ဤတည်ဆောက်ရေးသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏ သမိုင်းဖြစ်ကြောင်း။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင်ဖန်တီးနိုင်မည်ဖြစ်သည်။ ပြည်ထောင်စုကို ကာကွယ်နိုင်မည်ဖြစ်သည်ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

ခေတ်မီနိုင်ငံတော်တည်ဆောက်

နာယကကြီး၏ လမ်းညွှန်ချက်အတိုင်း ဒို့တာဝန်အရေး(၃)ပါးသည် ဦးထိပ်ပန်ဆင်ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း။ ဒို့တာဝန်အရေး(၃)ပါးနှင့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့်ကျင့်စဉ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းတွင် တာဝန်ယူကြမည့်ယနေ့မျိုးဆက်သစ်လူငယ်များသည် ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ ငြိမ်းချမ်းရေး၏တန်ဖိုး၊ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏တန်ဖိုးကို နားလည်သဘောပေါက်ပြီး၊ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းကာကွယ်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊စွမ်းရည်များနှင့် နိုင်ငံတော်ကချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒနှင့်ကျင့်စဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရမည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများက နိုင်ငံတော်၏ ပကတိအခြေအနေနှင့်လိုက်လျောညီထွေသော ရှေ့လုပ်ငန်းစဉ်များကို နှစ်စဉ်ချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ရင်ဆိုင်ကျော်လွှား

နိုင်ငံတော်အဝန်းကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေးများက ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူတို့၏ သန္နိဋ္ဌာန်(၆)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံလူထုအစည်းအဝေးကြေညာချက်၊ ပြည်သူတို့၏ပန်းတိုင်၊ လူငယ်ကတိသစ္စာ(၅)ရပ်နှင့်ပြည်သူတို့၏ တင်ပြချက်များ၊ ကြွေးကြော်သံများကို ဆန်းစစ်ကြည့်လျှင် မိမိနိုင်ငံ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေသော အနှောင့်အယှက်၊ အဖျက်အဆီးမှန်သမျှ တွန်းလှန်ဖယ်ရှားလိုကြခြင်းနှင့် မိမိတို့နိုင်ငံသားများ၏ ဒို့တာဝန်အရေး(၃)ပါးအပေါ် ခံယူလိုက်နာဆောင်ရွက်လိုမှု ပြင်းပြမှုတွေကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆန္ဒရှိနေခြင်းသည် ဤအခြေအနေကိုရောက်ရန် မောင်းနှင်နေသော စွမ်းအားကြီးပင်ဖြစ်ကြောင်း၊ အမျိုးသားရေးစွမ်းရည်၊ အရည်အသွေးပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ အနှောင့်အယှက်အခက်အခဲများကို အသက်တည်းဟူသော အကြောင်းကြောင့်ဖြစ်စေ၊ နောက်မဆုတ်ဘဲ ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှား သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ–

- **နိုင်ငံတော်၏မူဝါဒများဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကျေညက်ပိုင်နိုင်စွာ နားလည်သဘောပေါက် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာဆောင်ရွက်ရန်၊**
- **နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များနှင့် နိုင်ငံတကာဆက်ဆံရေးကို ပြည့်စုံအောင် လေ့လာဆည်းပူး၊ ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊**
- **နာယကကြီး၏ လမ်းညွှန်ချက်များနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရင်း ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်၊**
- **တိုင်းရင်းသားပြည်သူများအကြား အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ မျှဝေခံစားရေး စိတ်ဓာတ်၊ တည်ဆောက်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေးဆောင်ရွက်ရန်၊**
- **နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ ထိပါးနှောင့်ယှက်မှုများကို အသိရှိရှိ၊ သတိရှိရှိထိန်းသိမ်းကာကွယ်ကြရန်**

တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

- နိုင်ငံတော်၏မူဝါဒများသည် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည် ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကျေညက်ပိုင်နိုင်စွာ နားလည်သဘောပေါက် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာဆောင်ရွက်၊
- နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များနှင့် နိုင်ငံတကာဆက်ဆံရေးကို ပြည့်စုံအောင် လေ့လာဆည်းပူး၊ ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်၊
- နာယကကြီး၏ လမ်းညွှန်ချက်များနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း ပြည်သူ့အကျိုးစီးပွားကို ကာကွယ်၊
- တိုင်းရင်းသားပြည်သူများအကြား အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ ရှင်သန်ထွန်းကားရေးဆောင်ရွက်၊
- နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ ထိပါးနှောင့်ယှက်မှုများကို အသိရှိရှိ၊ သတိရှိရှိထိန်းသိမ်းကာကွယ်။

ကုသဇာတ်

ကိုဇော်ဌေး (ယဉ်ကျေးမှု)

တေရသမအကြိမ် (၁၃ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဌ "ရုပ်သေးပညာရှင်အဆင့်" ပြိုင်ပွဲတွင် မင်းကုသ(ကုသဇာတ်)ကို ပြိုင်ပွဲဝင်ရန် သတ်မှတ်လျာထားပြီး ဖြစ်လေသည်။

မင်းကုသနှင့်ပပဝတီဟု ဆိုလိုက်သည်နှင့် သူတို့သည် မြန်မာပရိသတ်နှင့် ရင်းနှီးနေသူများမို့ ချက်ချင်းသိလိုက်ကြမည်သာ ဖြစ်သည်။ ပပဝတီသည် စင်စစ်ကုသဇာတ်ကြောင့် ဇာတ်လိုက်မင်းသမီးတစ်ဦးအနေဖြင့် ထင်ရှားလာခြင်း ဖြစ်သည်။ ကုသဇာတ်သည် ငါးရာ့ငါးဆယ်ဇာတ်တော်လာ သတ္တတိနိပါတ် ဇာတ်နှစ်ဇာတ်အနက်မှ တစ်ဇာတ်ပင်ဖြစ်လေသည်။

ကုသဇာတ်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောခဲ့ခြင်းဖြစ်သည်။ သာဝတ္ထိပြည်၌ ဇာတိထင်ရှားသော သူကောင်းသားတစ်ဦးသည် အချိန်တန် အရွယ်ရောက်သော်လည်း အိမ်ရာထောင်မှုကိုကျာခိုင်း၍ သာသနာ့အတွင်းသို့ ဝင်ခဲ့လေသည်။ ထိုရဟန်းသည် သာသနာ၌ ဇာမဏီငှက်ကဲ့သို့ ထင်ရှားလာခဲ့လေသည်။ တစ်နေ့ဆွမ်းအလိုငှာ သာဝတ္ထိပြည်အတွင်း ငင်ခဲ့ရာမှ သာဝတ္ထိပြည်သူ တစ်ဦး၏ အလှည်၌ ယစ်မူးခဲ့လေသည်။ တဏှာ၏ ဖိစီးမှုကြောင့် ရဟန္တာမြတ်အဖြစ်မှ ပြန်လှည့်ယိုယွင်းလာချိန်၌ အခြားသောရဟန်းများက ဘုရားရှင်၏ ရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ထိုအခါ ဘုရားရှင်က ထိုရဟန်းနှင့် ပရိသတ်များအား "ကုသဇာတ်"ကို ဟောကြားခဲ့ခြင်း ဖြစ်လေသည်။

မလွတ်ဝိုင်း ကုသဝတီပြည်၌ ဥက္ကာကမင်းကြီးသည် သီလဝတီမိဖုရားကြီးနှင့်အတူ ထီးနန်းစိုးစံနေလေသည်။ မင်း၊ မိဖုရားနှစ်ပါး၌ ထီးမွေနန်းမွေ ဆက်ခံမည့် သားရတနာမရှိသည့်အတွက် သိကြားမင်းက အရပ်ဆိုးသော သားတော်ကြီး ကုသကုမ္ဘာနှင့် ချောမောလှပသော သားတော်ငယ် ဇယမ္ဘတိဟူသော သားတော်နှစ်ပါးကို ထွန်းကားစေခဲ့လေသည်။ မိဘများက လူလား မြောက်လာသည့် ကုသကို သင့်လျော်သော မိန်းမနှင့် လက်ထပ်စေလိုသည်။ ကုသက သူ၏ ရှေးဘဝ ကုသိုလ်ကြောင့်အားနည်းနေရသည့် ရုပ်ရည်ရူပကာကြောင့် အိမ်ထောင်မှုကို ငြင်းဆန်လိုက်လေသည်။ မင်း၊ မိဖုရားနှစ်ပါးက ဆိုဖြစ်ကားကို ဆိုလာကြသောကြောင့် လှပသော ရွှေစင်ရုပ်တစ်ရုပ်ပြုလုပ်ပြီး လျှင် ယင်းရွှေစင် ရုပ်တုနှင့်တူသော မိန်းမကိုရမှသာ ထိမ်းမြားလက်ထပ်လိုကြောင်း အကြောင်းပြလိုက်လေသည်။

သာဂလပြည် မဒ္ဒရာဇ်မင်းကြီး၌ သမီးတော်ရှစ်ယောက်ရှိလေသည်။ သမီး ရှစ်ယောက်စလုံးသည် အချောအလှများသာဖြစ်လေသည်။ အကြီးဆုံး သမီးတော်ဖြစ်သည့် "ပဘာဝတီ"မင်းသမီးသည် သူမ၏ကိုယ်မှ တက်သစ်သော နေလုလင်ကဲ့သို့ အရောင်တို့သည် ပြိုးပြိုးပြက်ပြက် လင်းလျက်ရှိလေသည်။ ထိုအရောင်သည် ပဘာဝတီနေ့ဆေသာ တိုက်ခန်း၌ ဆီးထွန်းညှိရန်ပင် မလိုဘဲ တစ်ခန်းလုံး အရောင်ဖြင့် ထွန်းလင်းလျက်ရှိလေသည်။

မင်းကုသအတွက် ရွှေစင်ရုပ်တုနှင့်တူသော ကြင်ဖက်သက်လျာကို ရှာဖွေလာသော မင်းသားမတ်မင်းချင်းတို့သည် သာဂလပြည်အနီးသို့ ရောက်ရှိလာလေသည်။ မြစ်ကမ်းပါးတစ်ခု၏ အနီး၌ ခေတ္တနားနေစဉ်မှာ ပဘာဝတီအတွက် ချိုးရေခပ်ရန် ရောက်လာသော အထိန်းတော်ခုနှစ်ဦးနှင့် တွေ့မိကြလေသည်။ ပထမတွင် ခုနှစ်ဝက ရွှေစင်ရုပ်တုကို ပဘာဝတီအလား ထင်မှတ်မှားမိလိုက်သေးသည်။ သို့သော် ထိုရွှေစင်ရုပ်တုသည်ပင်လျှင် သူမ၏ သခင်မ ပဘာဝတီကို မမီသေးကြောင်း ဆိုလာပြန်သည်။ ခုနှစ်မှတစ်ဆင့် မှူးမတ်မင်းချင်းတို့သည် မဒ္ဒရာဇ်မင်းကြီး၏ ရှေ့မှောက်သို့ ရောက်ခဲ့ကြသည်။ မဒ္ဒရာဇ်မင်းကြီးကို ကျိုးကြောင်းလျော်ကထားသည်။ မင်းကြီးကလည်း သဘောတူမျှသည်။ သို့နှင့် ကုသကုမ္ဘာနှင့် ပဘာဝတီမင်းသမီးတို့ ရှေးဘဝ ရေစက်ကြောင့် အကြောင်းတူမျှ ပေါင်းဖက်ကြတော့သည်။

ထိုသို့ ပေါင်းဖက်ကြသော်လည်း ကုသ၏မိခင် သီလဝတီမိဖုရားကြီးက စိုးရိမ်ပူပန်စိတ်ဖြစ်မိသည်။ အချောအလှလေး ပဘာဝတီက ရုပ်ဆိုးသော သူသား ကုသကို ပစ်ခွာသွားမှာစိုးရိမ်သည်။ ထို့ကြောင့် မလွတ်ဝိုင်း၏ ရှေးရိုး ထုံးစံဟုဆိုကာ ကုသနှင့် ပဘာဝတီကို နေ့အတူမစ်ရ၊ ညအခါကျမှ အတူစုစ်ကြဖို့ စည်းကမ်းသတ်မှတ်သည်။ ပဘာဝတီ၌ ရင်ဆွေးရလာစေချင်သည်။ ထိုရင်ဆွေး၏ သံယောဇဉ်ကြောင့် ပဘာဝတီက ကုသကို ပစ်မသွားနိုင်ဟူသော အသိဖြင့် ကာလတစ်ခုကို သတ်မှတ်သည်။ သို့နှင့် ကုသနှင့် ပဘာဝတီသည် သီလဝတီမိဖုရားကြီး၏ အစီအမံအတိုင်း နေထိုင်လာခဲ့ကြသည်။ သို့သော်လည်း မိဖုရားကြီး၏ စည်းကမ်းကို စတင်ဖောက်လာသူက ကုသဖြစ်လေသည်။ သူက ပဘာဝတီ၏ နေ့အလှကို မြင်လိုသည်။ ချဉ်သီးကိုစားမိသူပမာ ပဘာဝတီကို တပ်မက်လှန်းလှသည်။

သီလဝတီမိဖုရားကြီးက သားတော်ကုသ၏ အလိုကို လိုက်ရှာသည်။ ပဘာဝတီကို ဆင်မင်္ဂလာပွဲသို့ ခေါ်လာသည်။ ကုသကို ဆင်ထိန်းအယောင်ဆောင် ၍ ကြည့်စေသည်။ ကုသကား ထိုမျှနှင့် မတင်းတိမ်သေးဘဲ ထပ်မံပူဆာပြန်သည်။ သီလဝတီမိဖုရားကြီးကလည်း မြင်းမင်္ဂလာပွဲသို့ ပဘာဝတီကို ခေါ်လာပြန်သည်။ ကုသကို မြင်းထိန်းအသွင်ဖြင့် စောင့်ကြည့်စေသည်။ နောက်တစ်ကြိမ် ဥယျာဉ်တော်မင်္ဂလာကန်သို့ ပဘာဝတီကို ခေါ်လာပြန်သည်။ ကုသကား မင်္ဂလာရောကန်ထဲသို့ ဆင်းနေပြီးလျှင် ပဒုမ္မာကြာဖက်ဖြင့် ဦးခေါင်းကိုဖုံးလျက် ကြာပွင့်ဖြင့် မျက်နှာကိုကွယ်လျက် စောင့်နေလိုက်သည်။ မင်္ဂလာရောက်သို့ ရောက်လာသော ပဘာဝတီက ကြာပွင့်ကြီးတစ်ပွင့်ကို လှမ်းအရှူး၊ ကုသသည် ကြာရွက်ကိုဖယ်၍ ငါကုသမင်းတည်းဟု ဟစ်ကြွေးပြီးလျှင် ပဘာဝတီ၏ လက်ကို ဖမ်းဆွဲလေသည်။ ပဘာဝတီမှာ ကြောက်လန့်၍ မေလဲသွားတော့သည်။ သတိရလာချိန်၌ မိမိကို ဆွဲကိုင်သူမှာ ကုသမင်းဖြစ်သည်ကို သိလိုက်ရသည်။ ရုပ်ဆိုးသူနှင့် မပေါင်း ဖက်လိုရ၍ ပဘာဝတီတစ်ယောက် သာဂလပြည်သို့ ပြန်လေသည်။

ကုသကား သာဂလပြည်သို့ လိုက်လေသည်။ ဆင်တင်းကုပ်တွင် ညအိပ်ရင်းနှင့် ဆောင်းတိုး၍ ပဘာဝတီကို အမျက်ပြေရန် ကြိုးစားလေသည်။ ပဘာဝတီက သာဂလပြည်အတွင်း၌ ညအချိန်ခေတ်မတီးရဟု သတ်မှတ်လိုက်သည်။ ထို့ကြောင့် ကုသမင်းသည် အိုးထိန်းသည်၊ ကျူထရံသည်၊ ပန်းကုံးသည်၊ စားတော်ချက်ဘဝတို့ဖြင့် ပဘာဝတီကို တွေ့ခွင့်ရရန် ကြိုးပမ်းသည်။ နောက်ဆုံး ကုသမင်း စိတ်အကြွေလျှာရမည့်ကိန်းသို့ ဆိုက်လာချိန်တွင် သိကြားမင်းက မဒ္ဒရာဇ်မင်းကြီး၏ တမန်အသွင်ဆောင်လျက် ခုနှစ်ပြည်ဆောင်မော မင်းများထံသွား၍ ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်၍ ပြန်လာသည်။ သင်တို့သည် ပဘာဝတီကို လာယူလှည့်ကြကုန်ဟု စေလေသည်။

ထိုအခါ ခုနှစ်ပြည်ဆောင်မင်းတို့က မဒ္ဒရာဇ်ဘုရင်အား ပဘာဝတီကို ပေးမည်လော၊ စစ်ကိုထိုးမည်လောဟု ရာဇသံပေးပြီး မြို့ကိုဝိုင်းလေသည်။ မြို့ကိုပျက်မည်စိုး၍ မဒ္ဒရာဇ်မင်းက ပဘာဝတီကို ခုနှစ်ပိုင်းပိုင်း၍ ခုနှစ်ဝိုင်းဝေရန် စီစဉ်စေသည်။ ထိုအခါ ပဘာဝတီက သူမ၏မိခင် မယ်တော်ထံ ငိုယို၍ လျှောက်ထားလေသည်။ မယ်တော်က "ကုသမင်းရှိလျှင် ကောင်းလေစွ"ဟု တမ်းတသည်။ ထိုအခါတွင်မှ ပဘာဝတီက သာဂလပြည်သို့ ကုသမင်း ရောက်နေကြောင်း၊ စားဖိုဝည်သာဝန့် အလုပ်လုပ်နေသော ကုသမင်းကို ညွှန်ပြလိုက်သည်။ မယ်တော်သည် ပဘာဝတီအား ပြစ်တင်စကားဆိုသည်။ ထိုအကြောင်းကို မဒ္ဒရာဇ်ဘုရင်ထံလျှောက်ထားသည်။ မင်းကြီးက ကုသထံသွား၍ တောင်းပန်စကားဆိုသည်။ ပဘာဝတီကိုလည်း တောင်းပန်ကန်တော့ခိုင်းသည်။ ကုသမင်းသည် မိမိစီးသော ဆင်ပေါ်တွင် ပဘာဝတီကိုတင်၍ ခုနှစ်ပြည်ထောင် မင်းတို့ကို စစ်ထွက်တိုက်သည်။ ကုသမင်းစစ်ဆောင်နိုင်ခဲ့လေသည်။ ထို့နောက် ခုနှစ်ပြည်ထောင်မင်းတို့နှင့် စစ်ပြေငြိမ်းရင်း ပဘာဝတီ၏ ကျန်ညီအစ်မခုနစ်ဖော်ကို မင်းတစ်ပါးစီထံ လက်ဆောင်ဆက်သည်။ ကုသမင်းနှင့် ပဘာဝတီမိဖုရားကြီး တို့လည်း ကုသဝတီပြည်သို့ ပြန်လည်ဇာတ်ပေါင်းလေသည်။

ပြင်းထန်လာသောရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဖော်ထုတ် ကပြသင့်ပေသည်။

ထို့ပြင်–

(၁) ရုပ်သေးသမားစဉ်အရ မလွတိုင်း၊ ကုသဝတီပြည်၊ ဥက္ကာက မင်းကြီးက ညီလာခံကျင်းပရာ၌ မိဖုရားကြီးသီလဝတီတွင် အရုပ်ဆိုး အကျည်းတန်သော သားတော်ကြီး ကုသကုမ္ဘာနှင့် ချောမောလှပသော သားငယ် ဇယမ္ဘတိဟူသော သားနှစ်ပါး ထွန်းကားကြောင်း၊ ကုသသည် မိဘနှစ်ပါးက သင့်လျော်သော မိန်းမဖြင့် လက်ထပ်ရန် တိုက်တွန်းခဲ့ရာ လုပသောရွှေစင်ရုပ်တုတစ်ခုပြုလုပ်ပြီးလျှင် ယင်းရွှေစင်ရုပ်တုနှင့်တူသော မိန်းမနှင့်မှ ထိမ်းမြားလိုသည်ဆိုသဖြင့် မှူးမတ်များအား ရွှေစင်ရုပ်နှင့်အတူ စေလွှတ်ရှာဖွေစေခဲ့ရာတွင် မဒ္ဒရာဇ်မင်း၏ သမီးတော် ပဘာဝတီအား တွေ့ရှိ၍ လက်ထပ်ပေးခဲ့ကြောင်း၊ ကုသနှင့်ပဘာဝတီတို့အား အကြောင်းပြု၍ နေ့အတူမစ်ရ၊ ညအခါကျမှ အတူစုစ်ကြဖို့ သီလဝတီ မိဖုရားကြီးက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် သားတော်က ပဘာဝတီကို မြင်တွေ့လိုလှ၍ သင့်လျော်သော အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ရန် အမိန့်ပေးခန်း။

(၂) မယ်တော်သီလဝတီအား ကုသက ဆင်မင်္ဂလာ မြင်းမင်္ဂလာပွဲတို့၌ ပဘာဝတီအား တွေ့မြင်ခဲ့ရသော်လည်း မတင်းတိမ်နိုင်သေး၍ ထပ်မံတွေ့လိုကြောင်း ပူဆာခန်း။

(၃) မယ်တော်သီလဝတီက ကုသအား ဥယျာဉ်တော်ရှိ ရောကန်အတွင်း၌ ပဒုမ္မကြာတို့ဖြင့် ဖုံးအုပ်ကွယ်ဝှက်၍ နေစေပြီးလျှင် ပဘာဝတီကို ရောကန်အတွင်းဆင်းခိုင်းစေ၊ ကုသက ပဘာဝတီ လက်ကိုဆွဲ၍ ငါကုသမင်းဖြစ်သည်ဟု ပြောဆိုခြောက်လှန့်ခန်း။

(၄) ပဘာဝတီ သာဂလမြို့သို့ပြန်ရာတွင် ကုသလည်း နောက်မှ လိုက်ခန်း။

(၅) ကုသမင်းဆင်တင်းကုပ်မှ ဆောင်းတိုး၊ သီချင်းဆို၍ ချစ်ရေးဆိုခန်း၊ ပဘာဝတီက မြို့ဝန်အား၊ ခေါ်၍ သာဂလပြည်အတွင်း ဆောင်းမတိုးရအမိန့် ထုတ်ခိုင်းခန်း။

(၆) မင်းကုသက များစွာလှပသော အိုးနှင့်ဖျာများ၊ အနှံ့အသာနှင့်ပြည့်စုံသော ဟင်းလျာများကို စီစဉ်ပြုလုပ်၍ ပဘာဝတီထံ ဆက်သခန်း၊ ပဘာဝတီက လုံးဝလက်မခံဘဲနေခန်း။

(၇) မင်းကုသက ပဘာဝတီထူမုထမယ်ဆိုကာ မင်းသမီးအဆောင် တံခါးဝတွင် အိပ်၍အလိုမစိမ်းခန်း။

(၈) သိကြားမင်းထွက်၍ မဒ္ဒရာဇ်မင်း၏ တမန်ဟန်ဆောင်ငြိုးခုနစ်ပြည်

မင်းကုသဇာတ်တော်တွင်–

၁။ လုံလ၊ ဝီရိယ၊ ဇွဲ၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၂။ သည်းခံ၊ ခွင့်လွှတ်၊ စိတ်ရှည်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၃။ ရဲစွမ်းသတ္တိရှိခြင်း၏ အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည်။

၄။ လက်မှုအနုပညာနှင့် အတတ်ပညာရပ်များသည် အချိန်၊ နေရာဒေသမရွေး အသုံးဝင်မှုရှိမြဲ ဖြစ်သည်။

၅။ ကံ၊ ကံ၏အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်သည် စသည့် ရည်ရွယ်ချက်နှင့် အနှစ်သာရများကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ကုသဇာတ်တော်၌ ဇာတ်ရုပ်များအဖြစ်–

၁။ ဥက္ကာကဘုရင် (ကုသ၏ ခမည်းတော်)

၂။ သီလဝတီမိဖုရား(ကုသ၏ မယ်တော်)

၃။ ကုသမင်း

၄။ ပဘာဝတီ

၅။ ဇယမ္ဘတိ (ကုသ၏ ညီတော်)

၆။ မဒ္ဒရာဇ်ဘုရင် (ပဘာဝတီ၏ ခမည်းတော်)

၇။ ပဘာဝတီ၏မယ်တော်

၈။ ခုနှာ (ပဘာဝတီ၏ အထိန်းတော်)

၉။ ကုသဝတီပြည်နှင့် သာဂလပြည်တို့မှ ဝန်နှင့် မှူးမတ်များ

၁၀။ ဆင်ထိန်း၊ မြင်းထိန်း၊ ဥယျာဉ်တော်စောင့်ရဲမက် စသည့် ဇာတ်ပို့များ ပါဝင်လေသည်။

ကုသဇာတ်ကို ဇာတ်လမ်းသဘောအရ စင်တင်ကပြမည်ဆိုပါက အပြထက် အပြောက ပို၍နှစ်သက်ဖွယ် ဖြစ်လာနိုင်ပါသည်။ ဦးစွာပထမ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ဆွမ်းခံကြွစဉ် လှပချောမောသူ အမျိုးသမီးတစ်ဦးကို မြင်တွေ့မိရာမှ လူထွက်လိုစိတ် ထောင်မင်းများထံသွားကာ ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်ပြီးနောက် ပြန်လာရာ မင်းများက ပဘာဝတီကို ပိုင်းရဲဆောင်ယူလှည့်ပတ်ပုံ စကားလွှင့်မည့် အကြံ အစည်ကို ပြောပြခန်း။

(၉) မဒ္ဒရာဇ်မင်းညီလာခံကျင်းပစဉ် ခုနှစ်ပြည်ထောင်မင်းတို့က သာဂလမြို့ကို ပိုင်းရံကာ "ငါတို့အား ပဘာဝတီကို ပေးအပ်မည်လော၊ စစ်ထိုးမည်လော"ဟု ရာဇသံပို့ခန်း၊ မဒ္ဒရာဇ်မင်းက ပဘာဝတီကို ခုနှစ်ပိုင်းပိုင်း၊ ခုနှစ်ဝိုင်းဝေစေဟု ဆိုခန်း၊ ထိုအခါ မိဖုရားနှင့် ပဘာဝတီသည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသော မင်းကိုရလျက် လင်ကို ကျွန်အဖြစ် ပြုဘိ၏ဟု ဆိုစေ။ ထိုအခါ ပဘာဝတီက ဖခင်ဘုရင်ထံ တောင်းပန်ရာ မင်းကြီးက ပဘာဝတီအား ကုသမင်းထံသွား၍ တောင်းပန်ကန်တော့ရန် စေခိုင်းခန်း။

(၁၀) ပဘာဝတီက ကုသမင်းထံ တောင်းပန်ခန်း၊ မင်းကုသကကြုံး၀ါး၍ ရန်သူများ ထွက်ပြေးခန်း၊ ကုသမင်းသည် ချောမောလှပသည့် ရုပ်အသွင်ပြောင်းလဲခန်း၊ ကုသမင်းက ပဘာဝတီ၏ ညီမခုနစ်ဦးကို ခုနစ်ပိုင်းပိုင်း၊ ခုနစ်ဝိုင်းဝေစေဟု မိတ်ဖွဲ့ပြီးလျှင် ပြန်လွှတ်ခန်း။

(၁၁) ကုသနှင့်ပဘာဝတီတို့၏ သစ္စာထား နစ်ပါးသွားခန်းဖြင့် ဇာတ်သိမ်းခန်းတို့ဖြင့် စီစဉ်ကပြရန် သင့်ပေသည်။

အကြောင်းသင့်ပါက ဗုဒ္ဓမြတ်စွာ၏ အလိုအရ ကံ၊ ကံ၏အကျိုးကျေးဇူးကို ခံစားရမြဲဖြစ်တတ်သည့် ကုသနှင့်ပဘာဝတီတို့၏ အတိတ်ဇာတ်ကြောင်းကိုလည်း အပြော၊ သို့မဟုတ် အပြတစ်မျိုးဖြင့် ဇာတ်မရိုးအောင် ကပြသင့်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ စာတတ်မြောက်မှုအောင်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၅

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ ကျေးရွာလုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်ဆန်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းပညာရေးမှူး ဦးသုခနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ကိုကို က အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ် ပညာရေးမှူး ဒေါ်ရီညွှန့်က မြို့နယ်အတွင်း စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၏ ဖန်းက စာဖတ်ပိုင်းများမှ သင်တန်းသူနှစ်ဦးအား စာဖတ်စွမ်းရည်မြှင့်တင်ရေး အထောက်အကူပြု စာအုပ်စာတမ်းများကိုလည်းကောင်း၊ သင်တန်းဆရာမနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်းပေးအပ်ကာ အခမ်းအနားကိုရပ်သိမ်းလိုက်သည်။

ရွာလုံးကျွတ်စာတတ်မြောက်

အဆိုပါ ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာတွင် လူဦးရေ ၄၈၄၅ ဦး ရှိသည့်အနက် စာမတတ်သူ ၁၃၅ ဦးရှိခဲ့ရာ ယခုအခါ အဆိုပါ ၁၃၅ ဦးလုံး စာတတ်မြောက်ပြီဖြစ်၍ ကျေးရွာလုံးကျွတ် စာတတ်မြောက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စင်ဇွန်းခွန်ဆမ်က စာဖတ်ပိုင်း စာသင်သားများ စာဖတ်ရှုနိုင်မြှင့်တင်ရေးတွင် အထောက်အကူပြုသည့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ သင်တန်းသူတစ်ဦးက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းရေး ညှိနှိုင်းဆွေးနွေးနိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဥပဒေသစ်ပြဋ္ဌာန်းရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိမ်းစိုး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရဲချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်းတို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် သဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး(**အပေါ်ပုံ**) က မြန်မာနိုင်ငံသည် ၂၀၀၄ခုနှစ်ကတည်းက ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် နေ့ကဆက်တွဲစာချုပ်များဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူမှောင်ခိုမှုတိုက်ဖျက်ရေးစာချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လိုက်လျောညီထွေမှုရှိသော ဥပဒေသစ်ပြဋ္ဌာန်းရေးအတွက် ၂၀၀၄ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရှေ့နေချုပ်ရုံးမှ ပထမမူကြမ်းအဆင့်အထိ စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေကို အမြန်ပြဋ္ဌာန်းနိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးမှုကြားပြီး အဆိုပါ ဥပဒေမူကြမ်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Yangon Tourist Map(09-2005)

ဘခမဲ့ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S) က Yangon Tourist Map(09-2005) ကို အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။ **(အောက်ပုံ)**

Yangon Tourist Map (09-2005) တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်မြေပုံနှင့် စီးပွားရေးလုပ်ငန်းအများအပြားတည်ရှိရာ နေရာများကို အသေးစိတ်ဖော်ပြထားသော မြေပုံတို့ပါရှိသည်။ ရန်ကုန်မြို့ရှိ နိုင်ငံတကာ လေကြောင်းလိုင်းများ၊ နိုင်ငံတကာသံရုံးများ၊ Hotel, Inn, Restaurant, Travel & Tour, Golf Courses, Medical Centers, Courier Services, Language Schools, Beauty Spa, Taxi & Transport Services စသည်တို့၏ တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာအဆင့်မီအရောင်းခန်းမကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ၊ ကျောက်မျက်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုလည်း တိကျသောလမ်းညွှန်များဖြင့် အလွယ်တကူ ရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားသည်။

မှာကြားထုတ်ယူနိုင်

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants, Souvenir-shop စသည့် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာ ပြ၍ လည်းကောင်း၊ e-mail, Phone,Fax တို့ဖြင့် လည်း ကောင်း (D.P.S)အမှတ် ၁၆၅ – ၁၆၇ ၃၅လမ်း ပထမထပ် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၂၀၄၀၂၀ တွင် ရုံး ချိန် အ တွင်း အခမဲ့ မှာကြား ထုတ် ယူ နိုင် ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ကုသမင်းနှင့်ပဘာဝတီတို့၏ အတိတ်ဘဝတစ်နေရာ၌ မရီးနှင့် မတ်တော်ခဲ့ပုံ၊ ကုသအတွက် ချန်ထားသောမုန့်တို့ကို မရီးဖြစ်သူ(ပဘာဝတီ)က ပစ္စေကဗုဒ္ဓသို့ ဂျွေလိုက်ပုံ၊ ကုသကဒေါသထွက်၍ ပစ္စေကဗုဒ္ဓထံမှမုန့်ကို ပြန်ရယူလိုက်ပုံ၊ ထိုအကုသိုလ်ဓောအဟုန်ကြောင့် ကုသဘဝ၌ ရုပ်ဆိုး အကျည်းတန်ရပုံ၊ ပဘာဝတီက ထောပတ်မုန့်ဆွမ်းဂျွေလိုက်ပြီး ဆုတောင်း ကောင်းခဲ့၍ ယခုဘဝ၌ ဆီမီးမထွန်းဘဲ လင်းရပုံ၊ ကုသမင်း၏ ဆုတောင်းကြောင့် မရီးနှင့်မတ်တော်တို့ အလွန်ဝေးကွာသော ဒေနရာဒေသ ခြားသော်လည်း ပေါင်းဖက်ကြရပုံစသည့် အလျှဒါနနှင့် ပတ်သက်၍ စိတ်ဓောနာအနှစ်ထားရှိရန် အသိကိုလည်း ပေးနိုင်ပါသေးသည်။

ကုသပျို့ကို ရေးသားသူ မုံရွာဧရာဝန်ဆရာတော်ဘုရားက ကုသမင်းစစ်အောင်နိုင်ပုံ၊ ကြွေးဝါးပုံကို"အဟံကုသရာဇာ၊ ဖိဝိကတ္တိ ကာဉရေနစိပဋ္ဌန္တု။ ပုဒ်ပေါင်းစုလျက် အထုကြီးစွာ၊ များဗိုလ်ပါတို့ ငါတမူကား သိကြားဆုနှင်း၊ ကုသမင်းတည့်၊ မယွင်းမပျက်၊ အသက်ရှည်ဆွေ၊ မသေ ဟျောက်လို၊ ကိုယ်စိတ် ချမ်းသာ၊ ဖြစ်ချင်ပါမူ၊ မကြာဧစေလင့်၊ ရင်ဖြင့်ထပ်လေ၊ ရိုသေဂါရဝ၊ တုပ်ကွ မွေ့သိမ်၊ ရိုဦးနိမ်ဟု၊ သုံးကြိမ်အစေ့၊ ရွှေခြေသို့သို့၊ ဓလေ့ကြော်ဘဲ၊ ကျွန်းလုံး လွှဲအောင်၊ အသံခါလှစ်၊ ကြွေးကြော်ဟစ်သည်၊ တောင်ဖြစ်ရေမြေ ဖောက်ထွင်းတည်း…"ဟု ဖော်ပြရေးသားခဲ့ပုံမှာ ကုသမင်း၏ ဘုန်းသမ္ဘာ တစ်နည်းအားဖြင့် အလောင်းတော်တို့၏ ဘုန်းရိပ်ကံရိပ်ကို မီးမောင်းထိုးပြနေပုံ ရောက်ပါသည်။

ကုသဓာတ်ကို ကပြတင်ဆက်ရာ၌ ပဘာဝတီသည် ကုသမင်းကြီး၏ ချစ်စရာ၊ ကြိုက်စရာ၊ လွမ်းစရာ၊ ဆွေးစရာစသည့်အကြောင်းတရား(အာလမ္ဗ ဏ ဝိဘာဝ)ကိုဖြစ်စေ၏။ ပတ်ဝန်းကျင်အကြောင်းတရား အခြေအရ(ဥပမာ– မြစ်ကမ်းပါး၌ ကုသဝတီပြည်မှ မွန်းတိမင်းချင်းများနှင့်ပဘာဝတီ၏ အထိန်းတော်ခုနှစ်ကို တွေ့ခန်း၊ ခုနစ်ပြည်ထောင်မင်းများနှင့် ပဘာဝတီ၏ ကျန်းညီအစ်ခုနစ်ဖော်) စသည်တို့သည် (ဥဒ္ဒါဝနဝိဘာဝ) အခြေအရံ အကူအညီ အကြောင်းတရားဟူ၍ ဖော်ပြနိုင်ပါသည်။

ထို့ပြင် ကုသဓာတ်ကို ကပြခြင်းဖြင့် ကုသမင်းကြီးသည် ထီးနန်းကို စွန့်ပစ်ခဲ့၍ မဒ္ဒရုဇဝိုင်း၊ သာဂရနေပြည်တော် ပဘာဝတီမင်းသမီးနောက်သို့ စောင်းတော်ပိုက်ပြီး လိုက်သွားခဲ့၍ ဆင်ချေးကျွံးအလုပ်သမား၊ ဖျာရက်၊ အိုးလုပ်၊ ထမင်းချက်အလုပ်သမား၊ ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း အလုပ်သမားလုပ်ပြီး ပဘာဝတီ၏ အချစ်ကိုရအောင် ဒုက္ခအမျိုးမျိုးခံပြီး ပိုးပန်းခဲ့ရပုံများမှာ အလွန်၊ အဆွေးအရသာ(ဝိယောဂ သိဂ်ါရ ရသ)ကို ဖော်ထုတ်ကပြ နိုင်လေသည်။

ဓာတ်ပေါင်းခါနီးတွင် ပဘာဝတီကိုယ်တိုင် ကုသမင်းကို ဒူးထောက်တောင်းပန်ပြီး နှစ်ဦးသား ပြန်လည်ချစ်ခင် မေတ္တာမျှခဲ့ပုံများမှာလည်း ချစ်ကြည်နူးသည့် အရသာ(သမ္ဘောရ သိဂ်ါရ ရသ)ကို ဖော်ပြနိုင်ပါသည်။

ဓာတ်စာ၊ ဓာတ်စကား အနေဖြင့် ကုသပျို့လာ–

"တစ်ယောက်ပညာ၊ ဘုန်းရင့်မာလျက်၊ ရုပ်ဝါမလှ၊ တစ်ယောက် ကသား၊ လှပအဆင်း၊ ပညာကင်းအံ့။"

"ပညာအထူ၊ ဂုဏ်အစုနှင့် ဇမ္ဗူတကြော၊ ပြိုင်သူလျှောအောင်၊ သြရသထူး၊ သားဦးရတန်ာ။"

"ရူးဝိပါက၊ ကမ္ဘဇကြောင့်၊ ဝဏ္ဏရုပ်ဆင်း၊ငါ့အချင်းကား၊ လူချင်း ကွဲစွာ၊ မှင်ဥပါဒ်။"

"မင်း၏ရင်သွေး၊ ရှာရွေးဆောင်ယူ၊ ထိမ်းမြားမူလည်း၊ ဘယ်သူ ငါ့အား၊ ကြိုက်ငြားပခိုမ်။"

"အဟံ ကုသ၊ ပဝရဘူမိန်၊ ရာဇိန္ဒာဓိပတိ၊ သီရိဓန နရပတိ ဇနိန္ဒာ၊ မင်းကျော်စွာဟု၊ အာဏာကြီးထစ်၊ သုံးကြိမ်လှစ်သော်၊ မြစ်အခြောင်မြောင်၊ သောင်အဆိုင်ဆိုင်၊ အင်းအိုင်များစွာ၊ ဗလဝါဝဲတို့၊ သမုဒ်နက်ကျယ်၊ ပင်လယ်ရေကျော၊ တောင်တောမြေပြင်၊ ကောင်းကင်မိုးရုပ်၊ တိမ်ထပ်ထပ်ကွာ၊ အာဋ္ဌဝဂဂ၊ပုဏ္ဏကစစ်၊ဘီလူးဟစ်သို့"စသည့်စာအလုပ်တို့ကိုလည်း ရွေးထုတ် သိကုံးနိုင်ပါသေးသည်။ အချုပ်ဆိုရသော် **ဖွဲ့၊ လုံ့လ၊ ဝီရိယရှိပါက မည်သို့ သောအကြောင်းတရားများ ရှိနေပါစေ၊ တစ်နေ့ အကျိုးတရားကို ရရှိနိုင်စေမည်** ဟူသောအသိဖြင့် တေရာသအကြိမ် (၁၃ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အဝိုး၊ပြိုင်ပွဲကြီး၌ ပြိုင်ပွဲဝင်တို့၏ ကုသဓာတ် တင်ဆက်လာမှုကို ပွဲကြည့်ပရိသတ်တို့က ရင်ခုန်စွာ စောင့်မျှော်အားပေးနေမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စားပွဲတင်တင်းနစ်အားကစားသမားများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တွေ့ဆုံ၊ အောင်မြင်မှုအစဉ်အလာထိန်းသိမ်းရန်မှာကြား

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့ ဇွန်းလွဲ၂နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) စားပွဲတင်တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စားပွဲတင်တင်းနစ် အားကစားသမားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အရာရှိကြီးများ၊ အားကစားအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများ၊ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

တစ်ဦးချင်းမိတ်ဆက်

ရှေဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ကြိုးစားယှဉ်ပြိုင်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) စားပွဲတင်တင်းနစ်ပြိုင်ပွဲသည် ၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများအနက် ပထမဦးဆုံး ကျင်းပသည့် အားကစားပြိုင်ပွဲဖြစ်ရာ ပွဲဦးထွက် အောင်မြင်မှုရရှိအောင် ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ယခင်နှစ် အောင်မြင်မှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ယခုနှစ်တွင်လည်း တိုင်းဂုဏ်ကို ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ခရိုင်ရုံးဝန်ထမ်းမိသားစု သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ် ထောက်ပံ့ခြင်းအခမ်းအနားကို ဇွန် ၁၄ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုးက တက္ကသိုလ်အဆင့် ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်များပေးအပ်စဉ်။ (၄၀၀)

သံတာမန်ရေနုရာ သင်တန်းသား မျာနေမြောက်ဥက္ကလာဧရိယာ ရုံသို့ ဇွတ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာသင်တန်း(၉/၂၀၀၃) (နံနက်ပိုင်း) သင်တန်းသား သင်တန်းသူများသည် မေ ၂၃ရက်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ လူနာများအတွက် ငွေကျပ် တစ်သိန်း သွားရောက်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြသောင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(၃၂၂)

အင်းစိန်မြို့နယ် အင်းစိန်ဈေးကြီး ဈေးသူဈေးသားများနှင့် လယာပြင်ဈေးသူဈေးသားများက စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)သို့ နို့ဆွန်ယာဥ်တစ်စီး ဝယ်ယူနိုင်ရန်အတွက် အလှူတော်ငွေကျပ် ၄၆သိန်းကို အင်းစိန်ဈေးနှင့် လယာပြင်ဈေးသူ ဈေးသားများကိုယ်စား ဈေးတာဝန်ခံ ဦးခင်မောင်အေးက ပေးသဝဏ်လွှာဒါန်းရာ စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)မှ နာယက လူကြီးများနှင့် အသင်းဥက္ကဋ္ဌတို့က လက်ခံရယူစဉ်။ (က-၀)

ကချင်ပြည်နယ်အတွင်း မွေးရာပါ ချို့ယွင်းမှုရှိသူများ ခွဲစိတ်ကုသရန် ထောက်ပံ့ငွေပေးအပ်ပွဲ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ကချင်ပြည်နယ်အတွင်းရှိ မွေးရာပါချို့ယွင်းမှုရှိသူများ ခွဲစိတ်ကုသရန် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၆ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ မနှင်လေးပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးပို့၊ ခံတွင်းနှင့် အသားအစားထိုးခွဲစိတ်ကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နုနုရီက နှုတ်ခမ်းကွဲ၊အာခေါင်ကွဲဖြစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ဦမိုးက လက်ခံရယူသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက မွေးရာပါချို့ယွင်းချက်ရှိသူများအား ခွဲစိတ်ကုသပေးသည့် အထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်နုနုရီအားလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

လက်ခံရယူ

ဆက်လက်၍ ခွဲစိတ်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ခွဲစိတ်လူနာ ၁၄၀အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် ငွေကျပ် ခုနစ်သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ဦမိုးက လက်ခံရယူသည်။

ပေးအပ်လူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှခွဲစိတ်မူလုပ်ငန်းများတွင် အသုံးပြုရန်လူဒါန်း၊ငွေကျပ်၅၂၅၀၀၀၊ ဆေးဖိုး ကုန်ကျငွေကျပ် ၉၅၇၉၀၀နှင့် ခွဲစိတ်လူနာတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လူနာ ၁၄၀ အတွက် ငွေကျပ် ၄၂၀၀၀၀၀ကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြိုးကြပ်ရေးအဖွဲ့မှ ခွဲစိတ်ခန်းသုံးလေးဆောင်းတာ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ပေးအပ်လူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှခွဲစိတ်မူလုပ်ငန်းများတွင် အသုံးပြုရန်လူဒါန်း၊ငွေကျပ်၅၂၅၀၀၀၊ ဆေးဖိုး ကုန်ကျငွေကျပ် ၉၅၇၉၀၀နှင့် ခွဲစိတ်လူနာတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လူနာ ၁၄၀ အတွက် ငွေကျပ် ၄၂၀၀၀၀၀ကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ပေးစက်နှစ်လုံးအတွက် ငွေကျပ် ၇၂၀၀၀၀၊ ခွဲစိတ်ခန်းလူနာအသုံးပြုရန် အဝတ်ပိတ် အထည်နှစ်ရာအတွက် ငွေကျပ် ၇၂၀၀၀နှင့် ခွဲစိတ်ပြီးလူနာများအတွက် ၁၀ရက်စာ စားစရိတ် ငွေကျပ် ၁၇၀၂၀၀၀ကို တိုင်းမှူးဇော်ဓနီး ဒေါ်တင်တင်နွဲ့ကလည်းကောင်း ပေးအပ်လူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ဦမိုးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေသည် ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းအတွင်း နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသနေမှု အခြေအနေများနှင့် ခွဲစိတ်ပြီးလူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

အလုံမြို့နယ် ဈေးရန်ပိုင်(မြောက်)ရပ်ကွက်တွင် ဇွန်၂၅ရက်က သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် အထူးစီမံချက်အနေဖြင့် ပိုးလောက်လမ်းနှင့်မိန်းရေးနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ရပ်ကွက်ဥက္ကဋ္ဌဦးကျော်မြင့်နှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၅

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် ၁/၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို မေဝေရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် စာကြည့်တိုက်လက်ထောက်(၃)တို့က စာကြည့်တိုက် ပညာရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

သင်တန်းသို့ ကျေးရွာအုပ်စု ၄၂ အုပ်စုမှ ဥက္ကဋ္ဌနှင့် စာရေးများ၊ စာပေဝါသနာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့လူငယ်ချန်ပီယံ ဘောလုံးပြိုင်ပွဲ တရုတ်အသင်းနှင့် တူရကီအသင်းတို့ အနိုင်ရရှိ

နယ်သာလန် ဇွန် ၁၅

ကမ္ဘာ့လူငယ်ချန်ပီယံ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တရုတ်အသင်းက ယူကရိန်းအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် လည်းကောင်း၊ တူရကီက ပနားမားကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားခဲ့သည်။

တရုတ်အသင်းသည် ပွဲပြီးရန် ၂၃ မိနစ်အလိုတွင် ၁၀ ယောက်တည်းနှင့် ကစားခဲ့ရသည်။ ပွဲချိန် ၇၄ မိနစ်တွင် ယင်းတို့၏ ဒုတိယအနိုင်ပွဲကို ရရှိခဲ့သည်။

အခွင့်အလမ်း

ယူကရိန်းအသင်းသည် ပွဲချိန် ၈ မိနစ်တွင် ဂိုးသွင်းခွင့် အခွင့်အလမ်းရရှိသော်လည်း တရုတ်ဂိုးသမား ရန်ချန်း ကာကွယ်လှံကိန်းသည်။ ယူကရိန်းတို့သည် အချိန်ကြာမြင့်စွာ မစောင့်တော့ဘဲ ပွဲချိန် ၁၈ မိနစ်တွင် တရုတ်နောက်တန်းလူများကို ထိုးဖောက်ကာ တိုက်စစ်မှူး ဒီမိုင်ထရို မိုရိုဘိက မွေ့ဆော်ဉီးဂိုး စသွင်းလိုက်သည်။

သို့ရာတွင် တရုတ်အသင်းမှ ချေပဂိုးသွင်းနိုင်ရေးအတွက် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၆နစ် ၃၀ တွင် ကွင်းလယ်ကစားသမား ဟော်ဂျန်မင်က ညာတောင်ပံမှနေ၍ တိုက်စစ်မှူး ဇူတင်ထံ ဖြတ်ပို့လိုက်ရာ ၎င်းက နောက်တန်းလူများကြားမှ တရုတ်အသင်းအတွက် ချေပဂိုးသွင်းယူလိုက်သည်။

တရုတ် ကစားသမားများသည် ပထမပိုင်းတွင် ယူကရိန်းကို အနိုင်ရထားရန် ပို၍ ဖိကစားလာသည်ကို တွေ့ရသည်။

ကာကွယ်နိုင်

ပွဲချိန် ၆၃ မိနစ်တွင် ယူကရိန်း တိုက်စစ်မှူး မီလက်စကီ၏ အနီးကပ်ကန်သွင်းမှုကို တရုတ်ဂိုးသမား ယန် ကာကွယ်လိုက်နိုင်သည်။ ပွဲချိန် ၆၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် တစ်ဂိုးရရှိသွားသည်။

အနိုင်ဂိုး

သို့ရာတွင် ပွဲချိန် ၆၇ မိနစ်တွင် ယူကရိန်းက ပယ်နယ်တီမှပင် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် ချန်း၏ ထောင့်ကန်အောမှ ကွင်းလယ်ကစားသမား ကူပင်းက တတိယမြောက်နှင့် အနိုင်ဂိုးကို သွင်းပေးလိုက်သည်။

တရုတ်အသင်းသည် ပထမပွဲစဉ်တွင် တူရကီကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ထားသည်။ သောကြာနေ့တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် ပနားမားနှင့် ကစားမည် ဖြစ်သည်။

တူရကီနိုင်

တူရကီနှင့် ပနားမားအသင်းတို့သည် အုပ်စု(ခ) ဒုတိယပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြရာ တူရကီအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲချိန် ၂၄ မိနစ်တွင် တူရကီအသင်းမှ ဘေယန်ဇောက္ခဆင့်ကွင်းလယ်ကစားသမား ဆီဇာအူတွက် ဘယ်တောင်ပံမှ ဆွဲပြေးလာပြီး တိုက်စစ်မှူး ဂျေဟန်းဂူလက်အား ထိုးပေးလိုက်ရာ ၎င်းက မနားတမ်းကန်သွင်းရာမှ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

ချယ်လ်ဆီးဂိုးသမား ရွှေဘောလုံးဆုဆွတ်ခူး

ပရာဂျူး ဇွန် ၁၅

ချယ်လ်ဆီးဂိုးသမား ပီတာချက်သည် ချက်ပြည်သူ့သမ္မတနိုင်ငံ၏ ယခုနှစ် အကောင်းဆုံးဘောလုံးသမား ရွှေဘောလုံးဆုကို ဇွန် ၁၄ ရက်က ဆွတ်ခူးရရှိသည်။

အီတလီချန်ပီယံ ဂျူဗင်းတပ်စ်တွင်ကစားရသော ပေဗယ်နက်ဗက်က ယင်းဆုကို ငါးကြိမ်ဆက်တိုက်ရရှိခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိသော ပီတာချက်သည် ရွှေဘောလုံးဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံးဂိုးသမားဖြစ်လာသည်။ ၎င်းသည် ချယ်လ်ဆီးအသင်း အနှစ်(၅၀)အတွင်း ပရီမီယာလိဂ်ဖလားရရှိရေးနှင့် ချန်ပီယံလိဂ် အကြိုဂိုလ်လုပွဲများတွင် အဓိက စွမ်းဆောင်ကစားခဲ့သူ ဖြစ်သည်။

(ဆင်ဟွာ)

အာရှ အမျိုးသမီးဘောလုံးခြေစစ်ပွဲ ယှဉ်ပြိုင် တရုတ်(တိုင်ပေ)က အိန္ဒိယအသင်းကို အနိုင်ရရှိ

ဟန်ရှိုး ဇွန် ၁၅

အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို ဇွန် ၁၄ ရက်က ဗီယက်နမ်နိုင်ငံ ဟန်ရှိုးမြို့၌ ကျင်းပရာ တရုတ်(တိုင်ပေ)အသင်းက အိန္ဒိယအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲချိန် မိနစ် ၂၀ တွင် တရုတ်(တိုင်ပေ)အသင်း ကွင်းလယ်ကစားသမား လန်မီမန်းက ပယ်နယ်တီ ဇရိယာအပြင်ဘက်မှ အလွတ်တည့်ကန်ကောဖြင့် ကန်သွင်းခွင့်ရပြီး အဖွင့်ဂိုးရရှိသွားခြင်း ဖြစ်သည်။

ယင်းဂိုးသွင်းပြီး ၁၅ မိနစ်အကြာ အိန္ဒိယအသင်း ကွင်းလယ်ကစားသမား ဘမ်ဘမ်ဒီဗီက ပယ်နယ်တီဖြင့် ချေပဂိုးသွင်းခဲ့သည်။

တရုတ်(တိုင်ပေ)အတွက် ဒုတိယမြောက်အနိုင်ဂိုးကို ယာတောင်ပံမှ ဘလစ်ဓိဖြတ်ပို့သော ဘောလုံးကို တရုတ်(တိုင်ပေ)အသင်း တိုက်စစ်မှူး လင်ယုပို့ငင်းက သွင်းယူခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ် ခြောက်ပွဲကစားပြီး အုပ်စု(က)တွင် မြန်မာနှင့် ဗီယက်နမ်တို့ သုံးမှတ်စီ၊ ဖိလစ်ပိုင်က အမှတ်မရရှိသေးပေ။ အုပ်စု(ခ)တွင် အိန္ဒိယနှင့် တရုတ်(တိုင်ပေ)က သုံးမှတ်စီ၊ ဂူအမ်က အမှတ်မရရှိသေးပေ။ အုပ်စု(ဂ)တွင် ဥဇဘက်ကစ္စတန်က သုံးမှတ်ရပြီး မော်ဂေါ်ရိုက်က အမှတ်မရရှိသေးပေ။ အုပ်စု(ဃ)တွင် အင်ဒိုနီးရှားနှင့် စင်ကာပူတို့က တစ်မှတ်စီရရှိထားကြသည်။

(ဆင်ဟွာ)

သဃ်န်းကျွန်းမြို့နယ် အထက(၄) ကျောင်း၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစန်းဝေက ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(၀၅၂)

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား(နှစ်ယောက်တွဲ) ဝိုလ်လုပွဲစဉ်တွင် အနိုင်ရရိုလ်ခွဲခဲ့သော မြန်မာအသင်းအား ပြိုင်တော်ခန့် အက်ဒွပ်အက်(စ်)ဟာဂီခမ်က ဆုပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့ ဖိတ်ခေါ်ပြိုင်ပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၅

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝိုလ်လုပွဲ အမျိုးသား(နှစ်ယောက်တွဲ)ပြိုင်ပွဲတွင် ပထမ မြန်မာအသင်း၊ ဒုတိယ မလေးရှားအသင်း၊ ဒုတိယ မြန်မာအသင်းနှင့် တတိယ တောင်ကိုရီးယားအသင်းတို့ ရရှိကြသည်။

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းတွင် အားကစားသမားများအဖြစ် အောင်ချိုမြင့် (ပြည်ထဲရေး)၊ မင်းမင်းနိုင်(လယ်ယာ/ဆည်မြောင်း)နှင့် ဟန်စိုးထွန်း၊ စည်သူလင်း(ပြည်ထဲရေး)တို့ ပါဝင်ကြသည်။ အုပ်ချုပ်သူအဖြစ် ဗိုလ်ကြီးကျော်ဇင်မိုး (မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အတွင်းရေးမှူး)နှင့် နည်းပြအဖြစ် ဦးသိန်းဌေးတို့ ပါဝင်ပြီး ဇွန် ၁၁ ရက်က ပြန်လည်ရောက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အားကစားအဖွဲ့ချုပ်ကကြီးမှူး၍ အိုလံပစ်နေ့အထိမ်းအမှတ် (Olympic Day Run) စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တွင် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အားကစားအဖွဲ့ချုပ်၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် အတန်း သုံးတန်းပါဝင်မည်ဖြစ်ရာ အမျိုးသား တစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း အလွတ်တန်းပြိုင်ပွဲနှင့် အသက် (၁၈)နှစ်အောက် အမျိုးသားတစ်ဦးချင်းပွဲတို့ ဖြစ်ကြသည်။

ပြိုင်ပွဲ၌ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်သို့ လာရောက်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် ဖုန်း–၀၉–၅၀၁၁၇၁၃နှင့် အတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) ဖုန်း–၀၉–၅၁၁၇၆၆၀ တို့သို့ ဆက်သွယ်စုစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပညာသင်ခရီးတံထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းကျင်းပသည့် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၉ ရက် နေ့လယ်ပိုင်းက အထက(၁)ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးမှူး ဦးတင်လွင် တက်ရောက်သည်။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး ပညာသင် ထောက်ပံ့ငွေကျပ် ၂၃၀၀၀၀ ကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန် တို့က မြို့နယ်ပညာရေးမှူး ဦးလှသောင်း ထံ ပေးအပ်သည်။ **(အပေါ်ဝံပုံ)** ဆက်လက်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ရီက ပညာသင်ထောက်ပံ့ငွေကျပ် ၂၂၀၀၀၀ ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းခွဲ ဥက္ကဋ္ဌများနှင့် အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။

(၂၅၉)

မဟာသမယအခါတော်နေ့ တရားတော်အသံလွှင့်မည်

ရန်ကုန် ဇွန် ၁၅

၁၃၆၇ခုနှစ်နယုန်လပြည့်နေ့ ဇွန်၂၁ ရက် (မဟာသမယအခါတော်နေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဓမ္မဝေါသိန်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာသိရိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော ဆရာတော် ငါးပါး တို့က "မဟာသမယအခါတော်နေ့ သိကောင်းဖွယ်ရာအဖြာဖြာ တရားတော်"နှင့် "မဟာသမယ သုတ်ပါဠိတော်များ"ကို အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယတန်းဘောလုံးပြိုင်ပွဲ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ တတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့သည်နေ့ ၃ နာရီခွဲက ကြည့်မြင်တိုင်းမြို့နယ် စလင်းအားကစားကွင်း၌ ဆက်လက် ကျင်းပရာ ရွှေကြိုးကြာဘောလုံး အသင်းက ကြဲခင်းစုလူငယ် ဘောလုံး အသင်းကို ၁၀ ဂိုး–သုံးဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ထိစ်ချူန်ဝိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခန်းရီ (မဆယ် ဆိပ်ရွာ)၏ ခြောက်နှစ်မြောက် အလွမ်းဒါနအဖြစ် အောင်ဆန်းမြို့ မဟာမြိုင် ပရိယတ္တိစာသင်တိုက်အတွင်းရှိ မာရဇအောင်မြင် စေတီတော်မြတ်ကြီး၌ ကြေးစျိန် ၁၅၅ ပိသာရှိ ခေါင်းလောင်း တော်ကြီးနှင့် လူဒါန်းဒွေကျပ် ကိုးသိန်းခြောက်သောင်းကျော် ကို သမီးဖြစ်သူ ဒေါ်အေးအေးစိုး (လ/ထ ညွှန်ကြားရေးရှု၊ DEPT)၊ ဦးအုန်းသန်း–ဒေါ်လှလှစိုးနှင့် မြေးများက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလှူဝ ပြန်လည် ချီးမြှင့်စဉ်။ (က–ပ)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှ ဖွန့်ချက်က အမက(၅) ဗဟန်းတွင် နယ်လှည့် စာဖတ်ခန်း၊ နဲရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အစမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ် ဆရာကြီး ဒေါ်သန်းတင့်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၆–၂၀၀၅ (ကြာသပတေးနေ့) နံနက်ပိုင်း

ဂုး၀၀ ၁။ကျေးဇူးရှင်မင်းကွန်း၊ဆရာတော်ဘုရားကြီး နိဂံးတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓမ္မောဘာရဋ္ဌဂုရု အဘိဓမ္မောဘာရ မဟာသဒ္ဒမ္မ ဓောတ်ကတိပိဋကဓရ မဟာသဒ္ဒန္တဇောတိကာစရိယ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရား တော်

ဂုး၂၅ ၂။ကျန်းမာဖို့ အတူကစားစို့

ဂုး၃၀ ၃။နံနက်ခင်းသတင်း

ဂုး၄၀ ၄။ဆံသာချိုးမင်္ဂလာတေး

ဂုး၅၅ ၅။ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

ဧး၁၀ ၆။အေရေးပြိုင်ပွဲ

ဧး၂၀ ၇။အေကပဒေသာ

ဧး၃၀ ၈။International News

ဧး၄၅ ၉။Let's Go

ညပိုင်း

၁၆း၀၀ ၁၀။စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။English for Everyday Use

၁၆း၄၅ ၄။တေးဂီတအစီအစဉ်

၁၇း၀၀ ၅။အေးဆေးသင်တန်းသို့လာပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ သတ္တုဗေဒ အထူးပြုများ) (ဓာတုဗေဒ)

၁၇း၃၅ ၆။ချစ်ရေးအမျိုးကကြိုးသွယ်

၁၇း၃၀ ၇။မြန်မာစာ၊ မြန်မာစကား

၁၇း၄၅ ၈။**"ဖျော်သူမောစေချင်"** ဝိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)

၁၈း၀၀ ၉။ တေးဂီတအစီအစဉ်

၁၈း၁၀ ၁၀။နိုင်ငံအပန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၈း၂၀ ၁၁။မှတ်သွယ်ကျေးဇူး အဆို–အက၊ အရေးအတီး ပြိုင်ပွဲ အရေးပညာ ဘာသာရပ် သင်တန်း ပို့ချချက် (အပိုင်း–၂)

၂၀း၀၀ ၁၆။ပြည်ထောင်းသတင်း

၁၇။နိုင်ငံတကာသတင်းများ

၁၈။ပြည်သူ့ခေါင်းသတင်း

၁၉။ပြည်သူ့ဆေးရုံတွင် ဆေးကုသခြင်း

၂၀။ဆရာတော်ဘုရားကြီးများ၏ တရားဒေသနာ

၂၁။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၂။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၃။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၄။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၅။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၆။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၇။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၈။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၂၉။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၀။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၁။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၂။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၃။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၄။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၅။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၆။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၇။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၈။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၃၉။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၀။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၁။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၂။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၃။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၄။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၅။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၆။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၇။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၈။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၄၉။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၀။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၁။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၂။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၃။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၄။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၅။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၆။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၇။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၈။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၅၉။ဗုဒ္ဓဘာသာ ဓမ္မစကြာ

၆၀။ဗုဒ္ဓဘာသာ ဓမ္မစကြာ

ရွေ့ရတုမင်္ဂလာရက်မြတ် ဆွမ်းနှင့်လှာ

ချစ်ဖေဖေ ဦးကျော်လှ(သတင်းထောက်)နှင့် ချစ်မေမေ ဒေါ်ခေဝကီးခေဒီ(ခ)ဒေါ်မေနင်းဆီ (သမာဓိကတ္တားဆိုင်၊ တောင်ငူ) တို့၏ ၁၆–၆–၂၀၀၅ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်သား၊ သမီး၊ မြေးများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆွမ်နှင်းကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ သမီးများနှင့် မြေးများ–

မောင်လှဝင်း – မတင်တင်လှ ကျောက်မြောင်း၊ ရန်ကုန်မြို့၊
မောင်ကျော်ကျော် – မသောဒီ(သမာဓိဆေးစတိုး) တာမွေ၊ ရန်ကုန်မြို့၊
မောင်အောင်ကျော် – မသင်းသင်းလှ(သမာဓိဆိုင်) ညောင်လေးပင်မြို့၊
မမူမူလှ B.Sc(Phys) (သမာဓိရောင်းဝယ်ရေး) တောင်ငူမြို့၊
မောင်ဝင်းကျော်– မခွန်ယဉ်ဝင်း(Super Coffeemix ကိုယ်စားလှယ်) တောင်ငူမြို့၊
မောင်ထင်ကျော် – B.Sc(Phys) – မဝင်းသူဇာနွယ် ပဲခူးမြို့၊
မနေခြည်ကျော်ကျော် – Final Part I M.B.,B.S(ကျောင်း)၊
မောင်သုဝေကျော်ကျော် – (ဒုတိယနှစ် ကွန်ပျူတာ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊

ဆွမ်းဝင်း၊ ပြည့်ဖြိုးဝင်း၊ မြတ်သူဟန်၊ မင်းထင်ကျော်၊ သက်ထားဦး၊ ကောင်းထက်ကျော်၊ မဓေဆုနှံ၊ မီးငယ်၊ အဥ္စလီကျော်၊ မောင်ညီရှင်း (အထက–၂၊ တောင်ငူ)။

မြန်မာ့ဧရာန်ဝဒ္ဓကိပန္ဓဉ်းဧရောင်းဒယ်ရေးလုပ်ငန်း ဈေးပြိုင်ချိပ်ပိတ်တင်ဒါ–၄/၂၀၀၅

၁။ ရောင်းချမည့်ပစ္စည်း – အသုံးမပြတော့သည့် ဟီးနိုတီအီး ဆီတင်ယာဉ်(၀ခ်းလောင်းဆီတိုင်ကီ မပါ) ၃ စီး

၂။ တင်ဒါပေးသွင်းရမည့်နေရာ – မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ သို့လောင်းဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ ကျိုင်းတုံမြို့။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် – ၃၁–၇–၂၀၀၅ (၁၄း၀၀)နာရီ

၄။ တင်ဒါဆိုင်ရာ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဌာနခွဲမန်နေဂျာရုံး၊ သို့လောင်းဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ ကျိုင်းတုံမြို့တွင်၁၈–၆–၂၀၀၅ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အထက်ပါတင်သွင်းရမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၀၈၄–၂၃၁၁နှင့် ၀၈၄–၅၁၃၉၂သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချရေးအခွဲ၊
သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့်၊ ကျိုင်းတုံမြို့။

ဝန်ထမ်းအလိုရှိသည် (ပြည်ထွင်းဦသာနန်ထားရန်)

A.H.K Product Co.,Ltd.၏ စားသောက်ကုန်ဖြန့်ချိရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ Sales Supervisor **ကျား(၁၀)ဦး**
ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံ (၃)နှစ်ရှိရမည်။

၂။ Sales Representative **ကျား(၂၀)ဦး**
ဘွဲ့ရ/၁၀တန်းအောင်၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၃)နှစ်ရှိရမည်။

၃။ Sales Promoter **ကျား(၃၀)ဦး**
၁၀တန်းအောင်၊ အသက်၁၈–၂၅နှစ်အတွင်း၊ သွက်လက်ချက်ချာ၍ ရုပ်ရည်သန့်ပြန့်ပြီး ဆက်ဆံရေးပေါ့ပေါ့စိသူကို ဦးစားပေးမည်။

၄။ ဥယျာဉ်မှူး **ကျား(၁)ဦး**
B.Agr.Sc (သို့မဟုတ်) စိုက်ပျိုးရေးဒီပလိုမာဘွဲ့၊ အသက်၃၀–၄၅နှစ်အတွင်း၊ ဥယျာဉ်မှူးလုပ်ငန်းအတွေ့အကြုံရှိရမည်။ ပုဂံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူသည်တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်တမ်းမိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူများ ကိုယ်တိုင်ကယ်တိုင်ကောင်းမွန်စွာဖြည့်စွက်ပြီး ဆောက်ခဲ့ရန်နှင့် အတူ ကြော်ငြာပါသည်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်း မခံရသော လျှောက်လွှာများကို ပြန်လည် ထုတ်ပေးမည်မဟုတ်ပါ။

A.H.K Product Co.,Ltd. အမှတ်(၂၄၄)မေ့သ့ကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။ဖုန်း–၀၁–၇၀၁၅၆၈၊ ၅၃၈၀၉၀



JOB VACANCY

(For Local Services Only)

We, Great Possessor Trading Co.,Ltd. are seeking suitable candidates for the following positions;

(1) Secretary (1)Post
-Age between 20-30years
-Graduate
-Good English Language
-Good Japanese Language
-Good computer knowledge
-2years experience in office works

(2) Merchandiser (1)Post
-Age between 20-30years
-Graduate
-Good English Language
-Good Japanese Language
-Good computer knowledge
-2years experience in related field

(3) Office staff (1)Post
-Age between 20-30years
-Graduate
-Good English Language
-Good computer knowledge
-Prefer Japanese Language

Please send your application and CV to:A Copy of Labour registration card.Room 729,Traders Hotel, Yangon, Myanmar not later than 25 June2005, Only short listed candidates will be notified.

သတိပေးတားမြစ်ချက်

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း ၁၂/စခန(နိုင်)၀၄၈၅၁၉၃သည် လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်သည့် ဟိုင်းလတ် ၁၈/၅၈၂၊ လက်စွပ်၊ ဟန်းချိန်း(၁၀ကျပ်သား)တို့ကိုရောင်းချပြီး နေအိမ်မှ ခေါ်ဆောင်းသွားပါသည်။ ကျွန်ရှိပစ္စည်းများဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ဘဲခရာ့ဒီဇင်၈/၆နေ့ GSM ဖုန်း– ၀၉၈–၀၃၁၉၆၃၀၇၀အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လက်လွှဲခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်ပါသည်။

ဒေါ်ဌေးဌေး ၁၂/

စခန(နိုင်)၀၄၈၅၁၉၃

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း
ဒေါ်နိုအယ်နီ(ခ)ဒေါ်ဟန်နီ ၁၂/သဃက(နိုင်)၁၄၁၁၃၉၄နှင့် အချောင်းသိစေရန် စကြေညာချက်

ကျွန်တော် ဦးအောင်မိုး N/OKA–၀၂၉၈၄၅၏ ဇနီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာစာလမ်း၊ အမှတ် ၃၇၂တွင် ဓမ္မသေနာထိုင်သူ ဒေါ်နိုဘယ်နီး(ခ)ဒေါ်ဟန်နီ အဖ ဦးထွန်းဌေ ၁၂/သဃက(နိုင်)၁၄၁၁၃၉၄သည် ကျွန်တော်လုံးဝ(လုံးဝ)ခွင့်လွှတ်နိုင်သော ပြစ်မှုကြီးကိုကျူးလွန်ခဲ့သည့်အတွက် ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး(၁၀)ရဲး တရားမကြီးအမှတ် ၂၃၁/၀၄၏ ၁၈–၄–၂၀၀၅ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် အောက်ဖော်ပြပါ ပစ္စည်းသည်လည်း ၎င်းနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာစာလမ်း၊ မြေကွက်အမှတ် ၂၂၅၊ အိမ်အမှတ် ၇၂၅၀၉၆ တစ်လုံး၊

၂။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ မြေကွက်အမှတ် ၉၈၇ တစ်ထပ်လုံးချင်းအိမ် တစ်လုံး။

ဦးအောင်မိုး N/OKA–၀၂၉၈၄၅၇
အမှတ် ၂၂၈၊ ပဒေသရာစာလမ်း၊ (၄၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

လွိုင်ကော်မြို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဟောပြောဆွေးနွေး

လွိုင်ကော် ဇွန် ၉

ကယားပြည်နယ် လွိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စု ဒေါ်ဆော်ဘီးကျေးရွာတွင် လင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ ရပ်မိရပ်ဖ ဦးပိုးရယ်အောင်သိန်းနှင့် ကျေးရွာဉာဏ်ဥာဏ်ဆူရယ်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ထို့နောက် ရပ်မိရပ်ဖ ဦးပိုးရယ်အောင်သိန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူး ကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ပေးအပ်လူဒါန်း

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက သုတ၊ ရသစာအုပ် ၃၀၊ မဂ္ဂဇင်းမျိုးစုံ ၃၀ နှင့် ဂျာနယ်မျိုးစုံ ၃၀၊ ချိကယ်ကျေးရွာအုပ်စု အတွင်းရေးမှူး ဦးဘော်ရယ် နှင့် ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးမေတို့က စာအုပ်များ ပေးအပ်လူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရီးရယ်က လက်ခံရယူကြသည်။

(ခရိုင် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ပင်လောင်းမြို့ ဘုရင့်နောင်ပန်းခြံအတွင်း ပန်းအလှပင်များ အစားထိုး စိုက်ပျိုးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပန်းခုံများ ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများကို ဇွန် ၆ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ဝိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(နယ်စဉ်/စည်ပင်)

နော်တရားမြို့နယ် ပန်းဥယျာဉ်စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

နော်တရား ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)နော်တရားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှင့် ကျေးရွာများပူးပေါင်း စီစဉ်၍ တိကျစ်ကျေးရွာအုပ်စု လွင်ရာကိုယ့်အားကိုယ်ကိုး ပန်းဥယျာဉ်စာကြည့်တိုက်ဖွင့်လှစ်အခမ်းအနားကို မေ ၂၃ရက် နံနက် ၁၁နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာမြို့နယ်ဦးစီးမှူး ဦးစွန်လှမောင်ဌေးနှင့် တိကျစ်ရဲစခန်းမှူး ရဲအုပ်ကြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင်

စခန်းမှူးနှင့်ဦးအယ်ဒစ်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်၊ ရေရှည်တည်တံ့ရေးနှင့် စာအုပ်၊ စာပေ စုဆောင်းတိုးပွားရေးတို့ကို ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ငွေသား နှင့် စာအုပ်၊ စာစောင်များလှူဒါန်းကြရာ ဦးအယ်ဒစ်ဝင်းက ငွေကျပ် ၃၀၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ ၅၀၊ ရွာသူရွာသားများက စာအုပ်မျိုးစုံ ၆၀ ပေးအပ်လူဒါန်းရာစာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ သီဒခုန်ထွန်းစိန်က လက်ခံရယူသည်။

(၃၆၉)

နတ်တလင်းမြို့ ကျေးလက်နေပြည်သူများ ကျန်းမာရေးစစ်ဆေးကုသ၊ ပညာပေးဟောပြော

နတ်တလင်း ဇွန် ၈

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ငြိမ်းအပါအဝင် ရန်ကုန်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အုပ်စု(က) ကျောင်းသား ကျောင်းသူတို့နှင့် ပူးပေါင်း၍ မေ ၂၉ ရက်က ကျခတ်ပါးရုံ ကျေးရွာသို့ ကွင်းဆင်းပြီး ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးပညာပေး ဟောပြောပွဲများ ကျင်းပ၍ ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အေပါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တောင်ကြီးမြို့နယ် ဗိုလ်ချုပ်လမ်း လမ်းလယ်ကျွန်းတစ်လျှောက် မြို့သန့်ရှင်း သာယာလှပရေး၊ လမ်းလယ်ကျွန်း ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ကိုင်းဖြတ်ပုံသွင်း ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်နှင့် အင်ဂျင်နီယာများ ဦးထွန်းနိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (နယ်စဉ်/ စည်ပင်)

မိုးညှင်း နောင်နွန်းနှုန့်ရင်းတံတားအောက်ခြေ ရေရှည်တည်တံ့ရန် စုပေါင်းဆောင်ရွက်

မိုးညှင်း ဇွန် ၈

မိုးညှင်းမြို့ အောင်သမြေ (၁) ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်အေးအေးဝင်း ဦးဆောင်သော အသင်းဝင်များသည် မေ ၃၁ ရက်က မိုးညှင်းမြို့ နောင်နွန်းနှုန့်ရင်း ချောင်းကူးတံတား အောက်ခြေများ ရေရှည်တည်တံ့စေရန်အတွက် ကျောက်တုံး ကျောက်ခဲကြိုးများ စီချရာတွင် စုပေါင်းဆောင်ရွက်ကြသည်။ (အောက်ပုံ)

အလှူငွေများပေးအပ်

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရာသို့မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းမြင့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုတွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်အေးနှင့် နောင်ဖွန်းနန့်ရင်း တံတားကော်မတီဝင်များက ကြည့်ရှုအားပေးပြီး အောင်သမြေ (၁) ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ရန်ပုံငွေအတွက် တံတားကော်မတီဝင် ဦးခင်မောင်ရွေက အလှူငွေများ ပေးအပ်ကြသည်။ **(၁၅၂)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သပိတ်ကျင်းမြို့တွင် ခိမ်းကိန်းသီးနှံ တာဝန်ပေးအပ်

သပိတ်ကျင်း ဇွန် ၉

သပိတ်ကျင်းမြို့နယ်၏ ၂၀၀၅–၂၀၀၆ခုနှစ် စိမ်းကိန်းသီးနှံတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက် ၁၁ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်း တက်ရောက်အမှာစကားပြောကြားသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းက မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမောင်မောင်က စိုက်ပင်အလိုက် ပန်းတိုင်အထွက်တိုးရေးလုပ်ငန်းများ၊ စိမ်းကိန်းဦးစီးအရာရှိ ဒေါ်ဥမ္မာက စိမ်းကိန်းလျာထားချက်များ၊ စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးသိန်းထွန်းက စိမ်းကိန်းသီးနှံအလိုက် ဘဏ်ချေးငွေများ ရှင်းလင်းကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် စိမ်းကိန်းသီးနှံများ တာဝန်ပေးအပ်သည်။

သပိတ်ကျင်းမြို့နယ်တွင် ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း စပါးဧက ၄၉၃၅၊ အစေ့ထုတ်ပြောင်းဧက ၂၃၀၀၊ ဆီထွက်သီးနှံဧက ၁၄၂၀၊ ပဲမျိုးစုံဧက ၁၅၃၄၆၊ ကြေးဧက ၃၀၀၀နှင့် စားဖိုဆောင် သီးနှံဧက ၁၉၀ စိုက်ပျိုးထုတ်လုပ်မည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့်ပံ့ပိုးရေးအသင်း အလုပ်အမှုဆောင်နှင့် အသင်းအမှုဆောင်များ ညှိနှိုင်းဆွေးနွေး

မော်လမြိုင် ဇွန် ၁၄

မွန်ပြည်နယ်ပြည်ထောင်စုကြီးခိုင်ရေးနှင့်ပံ့ပိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင်နှင့် မော်လမြိုင်ခရိုင်၊ သထုံခရိုင် အသင်းအမှုဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ပံ့ပိုးရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အကြံပြုဆွေးနွေး

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ပံ့ပိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်က အမြင့်အမှာစကား ပြောကြားရာ မော်လမြိုင်ခရိုင်၊ သထုံခရိုင် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ပံ့ပိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်တို့က မြို့နယ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များအပေါ် ပြည်နယ်အသင်း အလုပ်အမှုဆောင်များက ဖြည့်စွက် အကြံပြုဆွေးနွေးကြသည်။

(၁၆၈)

ဗျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာများ ဦးဇော်ထွန်းတို့ကြီးကြပ်၍ (၅) လမ်းမကြီးတစ်လျှောက် မြေတူးစက်ဖြင့် ရေမြောင်းတူးဖော်မှုကို ဇွန် ၆ ရက်က ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ပံ့ပိုးရေးအသင်း အတွင်းရေးမှူးများ ကြည့်ရှုအားပေးကြစဉ်။

(၁၅၈)

ကြည့်ရှုစစ်ဆေး

ချောင်္ကြိုအုန်းပေါက်–ဟံလင်း လမ်းဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယဗိုလ်မှူးကြီးရေးမှူး ဦးကျော်သူ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ်တွင် စာအုပ်စာစောင်များလူဝါနိုး

ပလက်ဝ ဇွန် ၆

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ပံ့ပိုးရေးကောင်စီက ကြီးမှူးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယအကြိမ် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဧမ ၂၁ ရက် မွန်းလွဲ ၂နာရီက ကီမိုခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ပံ့ပိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျမှ စာအုပ်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ပံ့ပိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျက စာအုပ်၊ စာစောင် ၉၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဦးက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၇–၆–၂၀၀၅ (သောကြာနေ့) နံနက်ပိုင်း

၈း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ရက်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံခိုးယူလုပ်ငန်းများ (နိုဏ်ထက် ပစ္စည်းအရည်အသွေးမြှင့် စက်မှုစားကွန် ထုတ်လုပ်ခြင်း အကြောင်း)

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သံလာပင်)

၁၂း၃၀ ဓာတ်လမ်းပမာနာဆင်စရာ (သျှီတစ်ပါး)

ညနေပိုင်း

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)မလျော့တောင်း ဓောင်းကြိုး ညှင်းသို့ (ခေါင်းကြီး)

(၂)တံ့လှယ်မေတ္တာ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၁၅ ကျေးလက်ဓာတ်လမ်း (နမ်းဖြူးတာမဟုတ်ရပါ)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကိုလက်စထရောအကြောင်း) (မောင်ဆရှင်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ဂုဏ်ပြု မအူပင်မြို့နယ်တွင် ဓုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မအူပင် ဇွန် ၁၀

မအူပင်ခရိုင်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းကော်မတီဥက္ကဋ္ဌ မိုလ်ကြီး စိုးနိုင်ဦး(ငြိမ်း) ခေါင်းဆောင်သည့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဇွန် ၅ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့၏ အဓိကရေဆိုးထုတ်ခြောင်းဖြစ်သော ရေလဲခြောင်းကြီးတူးဖော်ခြင်း၊ ရပ်ကွက် ၁၂ ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေး အတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြီးကြပ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

သန့်ရှင်းသာယာလှပရေး မြစ်ကြီးနားမြို့တွင်ဆောင်ရွက်

မြစ်ကြီးနား ဇွန် ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယဗိုလ်မှူးကြီးရေးမှူး ဦးအေးဆွေ၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့သန့်ရှင်းသာယာလှပရေး၊ မိမိ၊လန်းဝိုပြည်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးတို့ကို စိမ်ချက်နှင့်အညီ နေ့စဉ် ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်က သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး (သန့်)ဦးကျော်နန်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဆွမ်းပရာဘွမ် လမ်းဘေးဝဲယာတွင် အရိပ်ရပင်၊ ပန်းအလှပင်များအလင်းဖွင့်ခြင်း၊ ရာသီပန်းများ အစားထိုး စိုက်ပျိုးခြင်းနှင့် ဆွမ်ပရာဘွမ် လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပစေရန် ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးနှင့် ဝန်ထမ်းများ ဧမ ၂၅ ရက်က မုံရွာမြို့ အဝေးပြေး ကားကြီးကွင်းတွင် သောက်သုံးရေ ရရှိရေးအတွက် လေးလက်မ စက်ရေတွင်းတူးဖော် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လိပ်မျိုးများရေရှည်တည်တံ့ရန်ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးရှိုးဆော်ချက် ၁/ ၂၀၀၅

လိပ်မျိုးများသည် ရေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ် ၃၀မှ ၅၀အထိ ကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မမျှော်မှန်းနိုင် လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်း စောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices(TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွဲများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတု စွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက် ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်း၀န်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန။

အမှတ်(၅၉) ၆လမ်းလမ်းမတော် မြို့နယ်နေဦးစံရင် (မိလပ်စံနှုံး) မိသားစုက အလှူငွေကျပ် တစ်သိန်းကိုထောင်အား ဖြဟွဝ်ဟာရ ဝရိယဏ္ဍိ စာသင်တိုက် သုဒ္ဓသန လမ်း ၁၆/၂ ရပ်ကွက် သဃ်နံ်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့ လူဒါန်းရာ တွဲဖက် ဘဏ္ဍာရေးမှူး ဒေါ်ခေဒီ ခင်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(၈–၀)

စာကြည့်တိုက်လုပ်ငန်းဒေသာင်ဖြင်ဓရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရမည့် နည်းလမ်းများဆွေးနွေး

ချော်ဘွယ် ဇွန် ၂

ချော်ဘွယ်မြို့နယ်အတွင်း ဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဒေါ်ယဉ်ဆွေဝင်းသည် မေ ၁ရက် မွန်းလွဲပိုင်းက ချော်ဘွယ်မြို့နယ် မန္တလေးတန်းရပ်ကွက် မန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးတင်ဆောင်၊ စာကြည့်တိုက်တာဝန်ခံ ဒေါ်စန်းမြသဲနှင့် အဖွဲ့ဝင်များက စာကြည့်တိုက်အား စနစ်တကျဖွင့်လှစ် ဆောင်ရွက်ထားရှိမှုနှင့် စာဖတ်ပရိသတ်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်လုပ်ငန်း အောင်မြင်စေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အကြံပြုဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အမရပူရမြို့နယ် မိုးသီးနှုံစိုက်ပျိုးရေးတာဝန်ပေးအပ်မြေအမျိုးအစားနှင့် သဘာဝရာသီဥတုအလိုက် စိုက်ပျိုးနိုင်မည့်သီးနှုံများနှင့် စိုက်နည်းစနစ်ရှင်းလင်း

မြစ်ငယ် ဇွန် ၆

မန္တလေးတိုင်း အမရပူရမြို့နယ် ၂၀၀၅–၂၀၀၆နှစ် မိုးသီးနှုံစိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အစမ်းအနားကို ဇွန် ၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝေယျ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေး လုပ်ငန်းမနံနေကျာ ဦးစိုးမြင့်က ကျေးရွာ တောင်သူများအနေဖြင့် မြေအမျိုးအစား နှင့် သဘာဝရာသီဥတု အလိုက် စိုက်ပျိုးနိုင်မည့် သီးနှုံများနှင့် ပတ်သက်၍ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာမွဲဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်စန္ဒြာအောင်က အချို့ကျေးရွာအုပ်စုများမှ ချေးငွေကြေးကျန်များရှိနေသေးသဖြင့် အမြန်ဆုံးပေးဆပ်ရန်နှင့် ယခုမိုးသီးနှုံတွင်လည်း စိုက်စရိတ်ဆက်လက် ချေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တာဝန်ပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အုပ်စုအလိုက် ခေါင်းဆောင်များအား မိုးသီးနှုံစိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများကို အသီးသီး ပေးအပ်လိုက်ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**
(၂၀၉)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲ ရေဦးမြို့နယ်တွင်ကျင်းပ

ရေဦး ဇွန် ၈

ရေဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမွှေးကျင်းပသောကမ္ဘာ့ဆေးလိပ်မသောက်ရေး နေ့ အထိမ်းအမှတ် ပညာပေး ဟောပြောပွဲကို မေ ၃၀ ရက် နံနက် စနာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထွန်းအေးက ဆေးလိပ်မသောက်ရေး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ညီညီလွင်က ဟောပြောပွဲ၏ ရည်ရွယ်ချက်နှင့် အကြောင်းသိကောင်း အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အန္တရာယ်နှင့် ကမ္ဘာ့ဆေးလိပ်သောက်ရေးနေ့ အကြောင်းသိကောင်း စရာများကို ပညာပေး ဟောပြောသည်။
(မြို့နယ် ပြန်/ဆက်)

သန့်ရှင်းရေးဆောင်ရွက်

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းဆွေနှင့် အသင်းဝင်များ၊ ကျေးရွာအုပ်စုအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှကျင်နှင့် အဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ မေ ၂၉ရက်က ရွှေနန်းအခြေခံပညာ မူလတန်းကျောင်း ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၄၁၆)

ပြောင်းမြေရိုင် ဥက္ကဋ္ဌပလား အလေးမ၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲ

မော်လမြိုင်ကျွန်း ဇွန် ၁၀

ပြောင်းမြေရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ငါးမြို့နယ် အမျိုးသား၊ အမျိုးသမီး အလေးမ၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲကို ဇွန် ၄ရက်နှင့် ၅ရက်က မော်လမြိုင်ကျွန်းမြို့နယ် မော်ရွှေဝါခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ငါးမြို့နယ်အမျိုးသား၊ အမျိုးသမီးအလေးမနှင့် ကာယဗလ ပြိုင်ပွဲတွင် အတန်းအလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ငါးမြို့နယ် ကာယအလှပြိုင်ပွဲ အငယ်တန်းတွင် ပထမမဓိမိုးမိုးဇာခြည်(မော်လမြိုင်ကျွန်းမြို့နယ်)နှင့် ကာယအလှပြိုင်ပွဲအကြီးတန်း ပထမမဆုစွန်ခိုင်(မော်လမြိုင်ကျွန်းမြို့နယ်) **(အပေါ်ပုံ)**တို့အား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာယအလှပြိုင်ပွဲ အငယ်တန်း ဒုတိယဆုရမဆေးသဥ္ဇာခိုင် (မော်လမြိုင်ကျွန်းမြို့နယ်)၊ တတိယဆုရ မအိအိမွန်(အိမ်မဲမြို့နယ်)၊ ကာယအလှအကြီးတန်း ဒုတိယဆုရ မနှင်းမို့မို့လှိုင်(မော်လမြိုင်ကျွန်း မြို့နယ်)နှင့် တတိယဆုရမနီလာဖြိုး(လပွတ္တာမြို့နယ်)တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**

ပိုးဦးကျနှင့် ပိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ ရှိပါသည်။

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–

(က) မိုးဦးကျလာပြီဖြစ်၍ လျှိုင်လျှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွားး၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီး ရေဝင်၊ ရေဝပ်သဖြင့် ရေဆိုင်၊ ရေဖွက်ဖြစ်၍ ရေမြောင်းဝိတ်ခြင်းနှင့် ချုံးဖွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှုပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နှာစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြေးစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကို ကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအဖြင်ဖြင့် ပိုင်းဝန်းစုပေါင်း ဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဖွံ့ဖြိုးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဖွံ့ဖြိုးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်၊ ဇီချွမ်နှင့် ကွေ့ကြိုးပြည်နယ်များနှင့် ရှင်ကျန်ဝေဂါ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဇွန် ၁၅ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ပြည်သူတို့၏တင်ပြချက်များ၊ ကြွေးကြော်သံများကို ဆန်းစစ်ကြည့်လျှင်

နိုင်ငံတော်အဝန်း ကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေး များက ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူတို့၏ သန္ဓိဋ္ဌာန်(၆)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံလူထုအစည်းအဝေးကြေညာချက်၊ ပြည်သူတို့၏ပန်းတိုင်၊ လူငယ်ကတိသစ္စာ(၅)ရပ်နှင့် ပြည်သူတို့၏ တင်ပြချက်များ၊ ကြွေးကြော်သံများကို ဆန်းစစ်ကြည့်လျှင် မိမိနိုင်ငံ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေသော အနောင့်အယှက်၊ အဖျက်အဆီးမှန်သမျှ တွန်းလှန်ဖယ်ရှားလိုကြခြင်းနှင့် မိမိတို့နိုင်ငံသားများ၏ ဒို့တာဝန်အရေး(၃)ပါးအပေါ် ခံယူလိုက်နာဆောင်ရွက်လိုမှုပြင်းပြမှုတွေကို အထင်အရှားတွေ့ရမည်။